# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလကွယ်နေ့၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၈၂)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်သစ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၄

၂၀၀၇ခုနှစ် ဇူလိုင်၁၄ရက်တွင် ကျရောက်သည့် ပြင်သစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပြင်သစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာနီကိုလပ်(စ်)ဆာကိုဇီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

# ဆင္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေးကျင်းပ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များ ဆွေးနွေးဆုံးဖြတ်တော်မူ

ရန်ကုန် ဇူလိုင် ၁၃

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းမဟာရုံ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။



(၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

**တက်ရောက်ကြည်ညို**

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေး


*စာမျက်နှာ ၃ ကော်လံ ၅* ✻



မြန်မာ့အလင်း

ဆောင်းပါးအညွှန်း

## NLD အတွက် နောက်ဆုံးထွက်ပေါက်

NLD အနေဖြင့် နိုင်ငံရေးအစွန်းရောက် ဝါဒအမှားများကို သုံးသပ်ဆင်ခြင်သိမြင်ပြီး အမှန်သို့ အမြန်ဆုံးပြောင်းလဲပြင်ဆင်ရန် နောက်မကျသေးဟု ထင်ပါသည်။ ပြည်သူ့ဆန္ဒနှင့်အညီ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးနှင့် ခြွင်းချက်မရှိ ပူးပေါင်းဆောင်ရွက်ခြင်းသည် NLD အတွက် နောက်ဆုံးထွက်ပေါက် ဖြစ်ကောင်းဖြစ်လာနိုင်ပါသည်။

ခြင်ကျား(မအူပင်) ၏ ပြည်သူက လက်ပြချန်ရစ်အံ့ ဆောင်းပါး (စာ ၈–၉) တွင် ဖတ်ရှုနိုင်ပါသည်။


**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၄ ရက်)

# လျှပ်စစ်အန္တရာယ် အစဉ်သတိပြုကာကွယ်

လျှပ်စစ်စွမ်းအားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည်။ စက်ယန္တရားများ၊ စက်ရုံအလုပ်ရုံများ လုပ်ငန်းလည်ပတ်နိုင်ရေးအတွက် အဓိကမောင်းနှင်အားလည်း ဖြစ်သည်။ လျှပ်စစ်ဓာတ်အားသည် လူနေမှုအဆင့် မြင့်မားရေးအတွက် အမှန်တကယ် လိုအပ်သော်လည်း လျှပ်စစ်အန္တရာယ်ကို သတိမူကာကွယ်သွားကြရမည် ဖြစ်သည်။

ယခုကဲ့သို့ မိုးရာသီကာလတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုခြင်း၊ မြစ်ချောင်းများ ရေကြီးခြင်း၊ မြို့ရွာပတ်ဝန်းကျင်၌ ရေလွှမ်းမိုးခြင်းများ ဖြစ်ပေါ်ကာ အချို့ဒေသနေရာများ၌ ရေဘေးအန္တရာယ်နှင့် ကြုံတွေ့နေကြရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်တိုင်များပြိုလဲခြင်း၊ သစ်ပင်၊ သစ်ကိုင်းများ ကျိုးပြတ်ကာ လျှပ်စစ်မီးကြိုးများ ပြတ်တောက်ခြင်းများ ဖြစ်ပေါ်တတ်ပြီး ဓာတ်လိုက်ခြင်းအန္တရာယ် ဖြစ်ပေါ်နိုင်သည်။

လျှပ်စစ်ဓာတ်ကြိုးများ ရေထဲတွင်ပြတ်ကျနေပါက ရေနှင့်ထိတွေ့မိသော လူများကို ဓာတ်လိုက်နိုင်သည်။ ပြတ်ကျနေသော လျှပ်စစ်ဓာတ်ကြိုးများသည် သံပြား၊ သွပ်ပြားများပေါ် ကျရောက်နေပါကလည်း ယင်းတို့ကို ထိမိသောလူများအား ဓာတ်လိုက်နိုင်ပေသည်။

မီးလောင်မှုဖြစ်စဉ်များကို လေ့လာကြည့်ပါက လျှပ်စစ်မီးခလုတ် မပိတ်မိရာမှ စတင်သော မီးလောင်မှုများကို တွေ့ရှိရသည်။ လျှပ်စစ်မီးကို အလင်းရောင်အတွက်လည်းကောင်း၊ ချက်ပြုတ်ရာတွင်လည်းကောင်း၊ မီးပူတိုက်ရာတွင်လည်းကောင်း၊ လျှပ်စစ်ပစ္စည်း အသုံးအဆောင်များတွင် တပ်ဆင်အသုံးပြုရာတွင်လည်းကောင်း၊ သံဂဟေဆော်ရာတွင်လည်းကောင်း တွင်ကျယ်စွာအသုံးပြုလေ့ ရှိကြပေသည်။ လျှပ်စစ်မီးသုံးစွဲရာတွင် သတိမူရမည့်အချက်မှာ မလိုအပ်လျှင် မီးခလုတ်ကို ပိတ်ထားရန်ပင် ဖြစ်သည်။

သို့ဖြစ်ရာ မိုးရာသီတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့နှင့် ဆက်နွယ်၍ ဖြစ်ပေါ်လာနိုင်သော လျှပ်စစ်အန္တရာယ် အသွယ်သွယ်ကို ပြည်သူတစ်ရပ်လုံးက အစဉ်သတိပြု ကာကွယ်သွားကြရမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# သမဝါယမ မိသားစု ဝါဆိုသင်္ကန်းဆက်ကပ် ဝန်ကြီးဗိုလ်ချုပ်တင်ထွတ် တက်ရောက်ကြည်ညို

နေပြည်တော် ဇူလိုင် ၁၃

**သမဝါယမဝန်ကြီးဌာန သမဝါယမမိသားစု၏ နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်၁၀နာရီက နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ လယ်ဝေးမြို့ ပေါက်မြိုင်စာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ပင့်သံဃာ ငါးပါးတို့ကြွရောက်တော်မူ၍ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။**

### ငါးပါးသီလခံယူ

ရှေးဦးစွာ သံဃာတော် အရှင်သူမြတ်များ၊ ဝန်ကြီးနှင့်ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တဇနိန္ဒထံမှ ဝန်ကြီးနှင့်ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်မြတ်တို့က ပရိတ်တရားတော်များ ချီးမြှင့်ကြသည်။

ထို့နောက် သံဃာတော်အရှင်မြတ်တို့အား ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်နှင့်တာဝန်ရှိသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**



# တောတိုက်ဓမ္မရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ဦးစီးပဓာန မဟာနာယက နိုင်ငံတော်သြဝါဒါစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာထေရ် ဆရာတော်ကြီး ဘဒ္ဒန္တ ဓမ္မသာရအမှူးပြုသည့် ပရိယတ်၊ပဋိပတ် ဝါဆိုသံဃာတော် အပါး ၂၇၀ ကျော်တို့အား ဝါဆိုလပြည့်နေ့(ဇူလိုင်၂၉ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၂ နာရီတွင် တောတိုက်ဓမ္မရိပ်သာ ကျောင်းတိုက်ကြီး၌ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ပစ္စည်းလေးပါး ပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကျင်းပမည်ဖြစ်ရာ ဖုန်း- ၆၃၅၄၂၄၊ ၆၃၅၀၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

# မရမ်းကုန်း သမိုင်းဝင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အမှတ် (၄) ကျိုက်ဝိုင်းဘုရားလမ်း သမိုင်းလမ်းဆုံနေ ရွှေပြည်စိုးဆီစက်ပိုင်ရှင် ဖခင် ဦးစစ်ယုံ၊အားရည်စူး၍ မိခင်ဒေါ်ခင်စိန်၊ သားဒေါက်တာအေးမြ၊ သမီးဒေါ်ခင်မြင့်မြင့်တို့က ငွေကျပ်သိန်း ၃၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များ ဖြစ်ကြသော ဦးသိန်းစိုး၊ ဦးဘချိုတို့က လက်ခံယူကြသည်။ **(အပေါ်ပုံ)**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော် ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# မဟာသုခါရာမစာသင်တိုက် ဂုဏ်ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၃**

၂၀၀၆ ခုနှစ် (၅၉)ကြိမ်မြောက် တိပိဋကရေး၊ တိပိဋကကောဝိဒ စာမေးပွဲ၌ ဝိနယပိဋကဝိနည်းရှေ့ပိုင်းနှစ်ကျမ်း အာဂုံအထူးအောင် ဝိသိဋ္ဌဉဘတော ဝိဘင်္ဂရေဘွဲ့ရ အရှင်ပညာဘောဂ၊ ဉဘတောဝိဘင်္ဂရေဘွဲ့ရ အရှင်ဇာနေယျနှင့် သာမဏေကျော်"အာဇည"ဘွဲ့ရ ရှင်ဝိစိတ္တသာရာဇညာလင်္ကာရတို့အား ဂုဏ်ပူဇော်ဂုဏ်ပြုပွဲနှင့် ကျောင်းတိုက်ရှိ သံဃာတော် ၇၀ ကျော်နှင့် ပင့်သံဃာ ၅၀ တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို မရမ်းကုန်းမြို့နယ် အမှတ် ၅ ရပ်ကွက်(ကျောက်ရေတွင်းခုံးကျော်တံတားကြီးထိပ်) ဓမ္မပါလလမ်းရှိ မဟာသုခါရာမစာသင်တိုက်၌ ဇူလိုင် ၂၂ရက် (တနင်္ဂနွေနေ့)မွန်းလွဲ၂နာရီတွင်ကျင်းပမည်ဖြစ်သည်။ အကြိုဓမ္မပူဇာအဖြစ် ဇူလိုင် ၁၉ရက် ည ၇နာရီတွင် ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ၊ ၂၀ရက် ည၇နာရီတွင် တိပိဋကရေး(ယော)ဆရာတော်၊ ၂၁ရက် ည ၇နာရီတွင် ဓမ္မဒူတဆရာတော် အရှင်ကောသလ္လ (မုဒုံ)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည် ဖြစ်ကြောင်းသိရသည်။ **(က-ပ)**



**ရန်ကုန်တိုင်း သဃ်န်းကျွန်း မြို့နယ် သုဝဏ္ဏကသစ်မြိုင်လမ်း တိုက် ၂၉၆ အခန်း ၄နေ ဦးကြည်ဝင်း - ဒေါ်ခင်ဝင်းမြင့် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို တိပိဋက နှစ်ပုံဆောင်ဆရာတော် ဘဒ္ဒန္တဝိစိတ္တာလင်္ကာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဒုတိယဉက္ကဋ္ဌ ဆရာကြီးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ပုညာရာမ ဝါတွင်း ရက် ၁၀၀ စခန်းပွဲ

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်လမ်း ပုညာရာမ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဝါတွင်းကာလ (ဇူလိုင်၁၉ရက်မှ အောက်တိုဘာ၂၆ရက်အထိ)ရက်၁၀၀စခန်းပွဲကို အဆိုပါကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပုညာနန္ဒ (ဗဟုဇန ဟိတဓရ)က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ဉပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများကို ဟောကြားပြသမည် ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဇူလိုင်၁၈ရက် ညနေ အရောက် လာရောက်ကြရမည် ဖြစ်ကြောင်းနှင့် အသေးစိတ်သိလိုပါက ဖုန်း-၅၅၃၃၃၀ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြဝတီရုပ်မြင်သံကြား

၁၄-၇-၂၀၀၇
**(စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၂၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၃၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၄၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၀ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂း၂၀ | ၄။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၂း၂၅ | ၅။ | ကျန်းမာသုတ |
| ၁၂း၃၀ | ၆။ | ရုပ်မြင်သံကြားဇာတ်လမ်း **မြူနှင်းတို့ ထာဝရဝေ** ဒွေး၊ ရန်အောင်၊ ညွန့်ဝင်း၊ နန္ဒာလှိုင် |
| ၁၃း၅၀ | ၇။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | ကြည်နူးရွှင်ပျော် တေးသရုပ်ဖော် |
| ၄း၃၅ | ၄။ | ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ |
| ၅း၃၅ | ၅။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၇။ | နိုင်ငံတကာသတင်း |
| ၆း၃၀ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၆း၄၀ | ၉။ | လျှပ်တစ်ပြက် |
| ၆း၄၅ | ၁၀။ | အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ |
| ၇း၀၀ | ၁၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၁၂) |
| ၈း၀၀ | ၁၂။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၃။ | မိုးလေဝသသတင်း |
| | ၁၄။ | အမျိုးသားရေးတေးကဗျာ |
| | ၁၅။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သောက်မရောက်** (အပိုင်း-၅) |

# သာသနာတော်သန့်ရှင်းပြီး အရှည်တည်တံ့စည်ပင်ထွန်းကားပြန့်ပွားအောင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ပိုလ်ငါးဖြာလက်ကိုင်ထား ပထမပြန်နှင့်စာချတန်းစာမေးပွဲများ သန့်ရှင်းရေးအထူးဂရုစိုက်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၃

**ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် ဘဒ္ဒန္တကုမာရ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ-**

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယ အစည်းအဝေးသို့ ကာယသာမဂ္ဂီ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်သူမြတ်တို့ဘုရား။



**ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃ မဟာ နာယက အဖွဲ့ (၄၇)ပါး စုံညီ ဒုတိယ အစည်းအဝေး တွင် သဘာပတိ နိုင်ငံတော် သံဃ မဟာ နာယက အဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာ ဝိသုတာရာမ တိုက်သစ်ဆရာ တော် အဘိဓဇ မဟာရဋ္ဌ ဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ မြွက်ကြားတော်မူစဉ်။** (သတင်းစဉ်)

## အားသစ်ကြိုးပမ်း

ဆရာတော်ဘုရားများ သက်တော်ရာကျော်ရှည်တော်မူကြလျက် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းချမ်းမြေ့စွာဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးတို့ကို လုံ့လမလစ် အားသစ်ကြိုးပမ်း ထမ်းဆောင်တော်မူနိုင်ကြပါစေဟု မေတ္တာ ပုဗ္ဗင်္ဂမ အာသီသပတ္ထနာ ပြုလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားပါသည်ဘုရား။

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ ဘုရား၊ ယခုစည်းဝေးတော်မူကြသည့် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့သည် ကောဇာသက္ကရာဇ် ၁၃၆၈ခုနှစ် တပေါင်းလဆန်း ၁၃ ရက် (၂၈-၂-၂၀၀၇)က ကျင်းပခဲ့သော ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးက အသစ်ဖွဲ့စည်းပေးခဲ့သော အဖွဲ့သစ်ဖြစ်ပါသည်။ အဖွဲ့သစ်ဖြစ်သည့်အလျောက် လူသစ်စိတ်သစ်ဖြင့် မိမိတို့တာဝန်ကျရာ ကာလအတွင်း၌ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးတို့ကို ဆတက်ထမ်းပိုးတိုး၍ အားကြိုးမာန်တက် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းလျှောက်ထားပါသည်ဘုရား။

ဤသို့ အားကြိုးမာန်တက် ဆောင်ရွက်တော်မူကြရာ၌ အဂတိဂမန ကင်းစင်စွာဖြင့် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ဖို့ အရည်အချင်းပြည့်ဝသည့် အရှင်မြတ်များဖြစ်လာအောင် ပထမအစည်းအဝေး၌ ဘုရားတပည့်တော် လျှောက်ထားခဲ့သော "တတ္ထ ဒက္ခော ဟောတိ။ အနလသော တတြုပါယာယ ဝီမံသာယ သမန္နာဂတော အလံ ကာတုံ အလံ သံဝိဓာတုံ" (အံ၊၃၊၁၀၈)ဟူသော မြတ်ဗုဒ္ဓ၏ ဒေသနာတော်အရ-

၁။ မိမိတို့ဆောင်ရွက်ရမည့် သာသနာတော်ကိစ္စဟူသမျှတို့၌ ကျွမ်းကျင်လိမ္မာသော ဒက္ခဂုဏ်၊

၂။ မိမိတို့ဆောင်ရွက်ရမည့် သာသနာတော်ကိစ္စဟူသမျှတို့၌ မပျင်းမရိ လုံ့လ ရှိရှိ ဆောင်ရွက်နိုင်သော အနလသဂုဏ်၊

၃။ မိမိတို့ဆောင်ရွက်ရမည့် သာသနာတော်ကိစ္စဟူသမျှတို့၌ အကြောင်း ဥပါယ်အသွယ်သွယ်မှာ စူးစမ်းနှိုင်းချိန်နိုင်သော ဥပါယဝီမံသာဂုဏ်၊

၄။ မိမိတို့ဆောင်ရွက်ရမည့် သာသနာတော်ကိစ္စဟူသမျှတို့၌ ပြုလုပ်ခြင်းငှာ စွမ်းနိုင်သော ကရဏ သမတ္ထဂုဏ်၊

၅။ မိမိတို့ဆောင်ရွက်ရမည့် သာသနာတော်ကိစ္စဟူသမျှတို့၌ စီမံခြင်းငှာ စွမ်းနိုင်သော သံဝိဓာနသမတ္ထဂုဏ်တို့နှင့် ပြည့်စုံအောင် လုံ့လကြိုးကုတ် အားထုတ်တော်မူသင့်ကြပါသည်ဘုရား။

## ဖတ်ရှုလေ့လာထား

ယခုလျှောက်ထားခဲ့သော ဂုဏ်တို့နှင့်ပြည့်စုံအောင်လည်း မိမိတို့လေ့လာသင်ကြားထားသည့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိစသည့်တန်တန် ကျမ်းဂန်များသာမက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်း၊ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ နာယကလက်စွဲ၊ ညွှန်ကြားလွှာစသည်များကိုလည်း ကျေညက်အောင် အမြဲမပြတ် ဖတ်ရှုလေ့လာထားရန် လိုအပ်ပါသည်ဘုရား။

ဤသို့ ကျေညက်အောင် အမြဲမပြတ်ဖတ်ရှုလေ့လာထားမှသာ မိမိတို့ ဆောင်ရွက်ချက်များ ဓမ္မဝိနယနှင့် ညီ မညီကိုလည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ နာယကလက်စွဲ၊ ညွှန်ကြားလွှာစသည်များနှင့် ညီ မညီကိုလည်းကောင်း အလွယ်တကူသိနိုင်ကြမည်ဖြစ်ပါသည်ဘုရား။

အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းစသည်တို့ကို ကျေကျေညက်ညက် လေ့လာမထားပါက လွဲမှားစွာ ဆုံးဖြတ်မိတတ်ကြပါသည်။ ဥပမာ-နာယကအဖွဲ့က ဆုံးဖြတ်ခွင့်မရှိသော မှုခင်းမျိုးကို ဝင်ရောက်ဆုံးဖြတ်မိခြင်းမျိုး၊ ပြည့်ပြည့်စုံစုံ စိစစ်ရမည့် မှုခင်းများ၌ ပြည့်စုံအောင် မစိစစ်ခြင်းမျိုး စသည်တို့ဖြစ်ပါသည်။ ဤအချက်သည် နိုင်ငံတော်သံဃမဟာနာယကသာမက ပြည်နယ်၊ တိုင်း၊ မြို့နယ် သံဃနာယကအဖွဲ့ဝင်အားလုံး သတိပြုရမည့်အချက် ဖြစ်ပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်အရှင်မြတ်တို့ဘုရား- ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည်-

**"ဝေမေဝ ခေါ ရာဟုလ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ကာယေန ကမ္မံ ကာတဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ ဝါစာယ ကမ္မံ ကာတဗ္ဗံ၊ ပစ္စဝေက္ခိတွာ ပစ္စဝေက္ခိတွာ မနသာ ကမ္မံကာတဗ္ဗံ" (မ၊ ၂၊၇၈)**

ဟူသော အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ်လာ ဒေသနာတော်ကို လေးလေးစားစား လိုက်နာသောအားဖြင့် **"မလုပ်ခင် ကြိုတင်စဉ်းစားပါ"** ဟူသော မြန်မာပရိဘာသာအရ မိမိတို့ဆောင်ရွက်ရသည့် သာသနာ့ကိစ္စဟူသမျှတို့ကို ဓမ္မဝိနယ၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲ၊ ညွှန်ကြားလွှာ စသည်တို့နှင့် ညီညွတ်မှုရှိ၊ မရှိကို ဆင်ခြင်စဉ်းစားပြီးမှပြုလုပ်ဆောင်ရွက်တော်မူကြပါ၊ ဤသို့ ဆင်ခြင်စဉ်းစားတော်မူကြသည့်အခါ ဓမ္မဝိနယ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲ၊ ညွှန်ကြားလွှာ စသည်တို့နှင့် ညီညွတ်မှုမရှိဟု သိရလျှင် မပြုလုပ်ရသေး၊ မဆုံးဖြတ်ရသေးသောကိစ္စဖြစ်ပါက မပြုလုပ်ဘဲ၊ မဆုံးဖြတ်ဘဲ ရှောင်ကြဉ်နိုင်ပါသည်။ ပြုလုပ်ဆဲကိစ္စဖြစ်ပါက ရှေ့သို့ဆက်လက်မပြုလုပ်ဘဲ ရပ်ဆိုင်းထားနိုင်ပါသည်။ ပြုလုပ်ပြီး ဆုံးဖြတ်ပြီးပါကလည်း အမှန်သို့ရောက်အောင်ပြင်ဆင်၍ နောင်အခါမပြုမိအောင် ရှောင်ကြဉ်နိုင်ပါသည်။

တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၌ အဖွဲ့ခွဲ သုံးဖွဲ့ရှိရာ တစ်ဖွဲ့၏ဆုံးဖြတ်ဆောင်ရွက်ချက် (သို့မဟုတ်) တစ်ပါး၏ ဆုံးဖြတ်ဆောင်ရွက်ချက်တွင် လုပ်ထုံးစသည်နှင့် ညီညွတ်သောအချက်ကို အခြားအဖွဲ့ခွဲက (သို့မဟုတ်) အခြားပုဂ္ဂိုလ်တစ်ပါးကတွေ့ရှိလျှင်လည်း အကျိုးလိုလားသော စိတ်ထားဖြင့်ပြုပြင်ပေးသင့်ကြပါသည်။ ယင်းသို့ပြုပြင်ပေးသည်ကို ဆောင်ရွက်မိသောအဖွဲ့က (သို့မဟုတ်) ဆောင်ရွက်မိသောပုဂ္ဂိုလ်က-

**နိဓီနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။**
**နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။**
**တာဒိသံ ဘဇ မာနဿ၊ သေယျော ဟောတိ နပါပိယော။**
**(ဓမ္မပဒ-၂၄။ ထေရ-၃၄၄)**

ဟူသော ဒေသနာတော်ကို ဦးထိပ်ဝယ်ပန်ဆင်၍ ရွှေအိုးကို ပြောပြညွှန်ကြားလာသူလို သဘောထားကာ ဝမ်းမြောက်ဝမ်းသာ ပြင်ဆင်ပေးသင့်ကြပါသည်ဘုရား။ ဤသို့ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီပေးကြလျှင် မဟာနာယကအဖွဲ့ကြီးသည် အပြစ်ကင်း၍ သန့်ရှင်းသည်ထက် သန့်ရှင်းသော အဖွဲ့ကြီးဖြစ်လာမည်မှာ မလွဲပါဘုရား။

## အားပေးချီးမြှောက်

နောက်တစ်ချက် လျှောက်ထားလိုသည်မှာ ပထမပြန်စာမေးပွဲများနှင့် စာချတန်းစာမေးပွဲများ သန့်ရှင်းရေးကိစ္စပင်ဖြစ်သည်။ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ ဖြေဆိုကြသည့် စာမေးပွဲများ မသန့်ရှင်းဘူးဆိုတာ ကြား၍ပင်မလျော်သော လွန်စွာအရုပ်ဆိုး အကျည်းတန်သည့် သာသနာတော် အတွက် အမည်းကွက်ကြီးဖြစ်နေပါသည်ဘုရား။ ယင်းစာမေးပွဲ သန့်ရှင်းရေး ကိစ္စမှာ မြို့နယ်သံဃနာယကဆရာတော်များနှင့် စာမေးပွဲကြီးကြပ်ရေး ဆရာတော်များအပေါ်မှာ တည်ပါသည်။ သို့ဖြစ်၍ မြို့နယ်သံဃနာယက ဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေး ဆရာတော်များ အထူးဂရုတစိုက် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ကြစေရန် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များကိုပါ တွဲဖက်ကူညီဆောင်ရွက်ပေးစေရန် သင့်၊ မသင့် ညှိနှိုင်း တိုင်ပင်၍ ညွှန်ကြား ဆောင်ရွက်တော်မူကြပါရန်နှင့် ပုဉ်းရှင် ကံရှင် သမ္ဘာရှင် တို့သာ ချီးမြှောက်ခွင့်ရနိုင်သည့် ပုဉ်းရှင် ကံရှင် သမ္ဘာရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင့် သာသနာတော်မြတ်ကြီးကို ကုသိုလ်ကံအလျောက် ချီးမြှောက်ခွင့်ရနေသည့် အခိုက်ဖြစ်ခြင်း၊ နိုင်ငံတော်အစိုးရမင်းတို့ကလည်း ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို သာသနပစ္စတ္ထိကတို့၏ အနှောင့်အယှက်မှကင်းအောင် ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်မှု၊ အာမိသပစ္စည်းတို့ဖြင့် ထောက်ပံ့မှု၊ သာသနာ့ကိစ္စ ဆောင်ရွက်ကြရာဝယ် လိုအပ်သော အကူအညီပေးမှုစသည်တို့ဖြင့် ထူးထူးခြားခြား အားပေးချီးမြှောက်ထောက်ပံ့နေခြင်းစသော လွန်စွာရခဲသော အခွင့်ကောင်းကို ရရှိနေသည့်အခိုက် "မာ ဝေါ ခဏံ ဝိရာဓေထ"(အပ၊၁၊၅၁) ဟူသော ဥပါလိ ထေရာပဒါန် ဒေသနာတော်အရ ယင်းအခွင့်ကောင်းကို လက်မလွတ်စေဘဲ သာသနာတော်သန့်ရှင်းအောင်၊ အရှည်ခံ၍ တည်တံ့အောင်၊ စည်ပင်ထွန်းကားပြန့်ပွားတိုးတက်အောင် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဗိုလ်ငါးဖြာ လက်ကိုင်ထားလျက် ကြိုးစားအားသစ်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းလျက် တပည့်တော်၏ သာရဏီယ ဩဝါဒကထာ ကို နိဂုံးကမွတ် အဆုံးသတ်ပါသည် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။ ။

## * ရှေ့ဖုံးမှ

ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

## ဩဝါဒကထာမြွက်ကြား

ထို့နောက် သဘာပတိနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ မြွက်ကြားတော်မူသည်။

**(သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် စစ်ကိုင်းတိုင်း ကသာမြို့ ကျောက်ထုံးကြီး ကျောင်းတိုက်ဆရာတော် ဒွိပိဋကဓရ ဘဒ္ဒန္တနိမလက တင်သွင်းလျှောက်ထားတော်မူသည်။

## တင်သွင်းလျှောက်ထား

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက် အစီရင်ခံစာကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များ ဖြစ်တော်မူကြသော မွန်ပြည်နယ် မော်လမြိုင်မြို့ နတ်မော်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသုမနနှင့် မကွေးတိုင်း အောင်လံမြို့ ရွှေပန်းတောအရှေ့ကျောင်းဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တ နန္ဒဝံသတို့က လည်းကောင်း၊ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက် အစီရင်ခံစာကို မွန်ပြည်နယ် သထုံမြို့ လယ်ဝန်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသိရိန္ဒ၊ စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာဇောတိကာရာမတိုက်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂါရဝနှင့် ကချင်ပြည်နယ် မိုးညှင်းမြို့ ဇေယျာသုခ ဝါဆိုကျောင်းဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာတို့က လည်းကောင်း၊ သာသနာတော် ထွန်းကားပြန့်ပွားရေးစွမ်းဆောင်ချက် အစီရင်ခံစာကို ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက် အစီရင်ခံစာကို ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသ ရွှေဘုံသာ စာသင်တိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လာဘိဝံသနှင့် ကရင်ပြည်နယ် ဘားအံမြို့ ခေမာရာမကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇာနေယျတို့က လည်းကောင်း ကဏ္ဍအလိုက်တင်သွင်းလျှောက်ထားတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ ၁နာရီခွဲတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကိုလျှောက်ထားပြီး အစည်းအဝေး ပထမနေ့အစီအစဉ်များကို ညနေပိုင်းတွင်ရပ်နားလိုက်သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယ အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ဇူလိုင်၁၄ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

## ဆက်ကပ်လှူဒါန်း

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား ရန်ကုန်မြို့ ကျိုက္ကစံဘုရားအနီးရှိ ကျိုက္ကဆံဝေဠုဝန်ရွှေကျင်ကျောင်းသစ်ဆရာတော် ဘဒ္ဒန္တမာနိတအားအမှူးထား၍ တပည့် ဒါယကာ ဒါယိကာမများက ယနေ့တွင် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**




**အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအတွက် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သရက်တောဘုလမ်း အမှတ် ၈၆ နေ ဦးကျော်မင်းနိုင် (ကုန်သေတ္တာနှင့် အထွေထွေသယ်ယူပို့ဆောင်ရေးလုပ်ငန်း)က အလှူငွေကျပ် ၉၉၉၉၉၉ ကို ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

✡ ကျောဖုံးမှ

စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေဝင်းက လိုက်လံရှင်းလင်းပြသသည်။

## တိုးချဲ့စိုက်ပျိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းရဲတပ်ဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင်လေးဧကစိုက်ခင်းတွင် တိုက်ရိုက်ပျိုးကိုင်းထိုးစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသောခြံစည်းရိုးကြက်ဆူပင်များကိုကြည့်ရှုစစ်ဆေးပြီး ပိုးမွှားရောဂါ ကာကွယ်ရေး၊ စိုက်ပျိုးမြေရှိသမျှ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးသွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့၏ခြံစည်းရိုးကြက်ဆူပင် ၁၀ဧကစိုက်ခင်း၌ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပေါင်းသင်ခြင်းနှင့် မြေတောင်မြှောက်ခြင်းတို့ စုပေါင်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု အားပေးကြသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်ဖြင့် ဧက ၁၀၀ စိုက်ခင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်များကိုလှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပေါက်ခေါင်းမြို့နယ် လေးကြီးကျေးရွာရှိ မိုးနှမ်းပန်းတိုင် အထူးဇုန်၅၄၃ဧကစိုက်ခင်းသို့ရောက်ရှိကြရာ ပေါက်ခေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဝင်းလှိုင်က မြို့နယ်အတွင်း မိုးစပါး၊ ပဲ၊ မိုးနှမ်း၊ မိုးမြေပဲ စိုက်ပျိုးရန်လျာထားချက်များနှင့်စိုက်ပျိုးပြီးစီးမှု၊ ဆောင်းမြေပဲ၊ ဆောင်းနှမ်း၊ ဆောင်းနေကြာ၊ နွေနှမ်းတို့ကို ရာသီအလိုက် စိုက်ပျိုးရန်လျာထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်တင်ပြသည်။

## ကူညီပံ့ပိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ပဲခူးတိုင်း တစ်တိုင်းလုံး၏ စားသုံးဆီဖူလုံစေရန် ၂၀၀၇-၂၀၀၈ခုနှစ်တွင် မိုးစပါး၊ နွေစပါးနှင့် ပဲစိုက်ပျိုးမှုတို့ကို မထိခိုက်စေဘဲ ဆီထွက်သီးနှံဧက ငါးသိန်းခွဲ စိုက်ပျိုးရန် လျာထားရာ ပေါက်ခေါင်းမြို့နယ် အပါအဝင် ပြည်ခရိုင်အနေဖြင့် သတ်မှတ်ပေးထားသည့် စိုက်ဧကပြည့်မီအောင် စိုက်ပျိုးရေး၊ စိုက်ဧက တိုးစေရန် အလွယ်ကူဆုံးနည်းဖြစ်သည့် ပဲစိုက်ခင်းများအတွင်း နေကြာကို သီးညှပ်စိုက်ပျိုးရန် အလေးထား ဆောင်ရွက်ရေး၊ ပြည်ခရိုင်နှင့် ပေါက်ခေါင်းမြို့နယ်တို့သည် ပဲခူးတိုင်းအတွင်း ဆီထွက်သီးနှံ အများဆုံး စိုက်ပျိုးသည့် မြို့နယ်နှင့် ခရိုင်ဖြစ်သည့် အားလျော်စွာ ပဲခူးတိုင်း (အနောက်ပိုင်း)ရှိ ဆီထွက် သီးနှံတိုးချဲ့စိုက်ပျိုးမည့် အခြားမြို့နယ်များသို့ နေကြာနှမ်းနှင့်မြေပဲမျိုးကောင်းမျိုးသန့်များဖြန့်ဖြူးရန် တာဝန်ယူဆောင်ရွက်ပေးရေးနှင့်ဌာနဆိုင်ရာများက လိုအပ်ချက်များကို ကူညီပံ့ပိုးပေးရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မိုးနှမ်းပန်းတိုင် အထူးဇုန် ၅၄၃ဧက စိုက်ခင်း၌ သီးပွင့်ဖြစ်ထွန်းနေသော ပြာကြီးမျိုးမိုးနှမ်းပင်များကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

## ရှင်းလင်းပြသ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဆင်းရတနာ(၃)၊ စုံတက်၊ ရိုးစိမ်းနှင့် ပြာကြီးနှမ်းမျိုးကွဲ လေးမျိုး၊ SP-121 ဆင်းပဒေသာ(၇)၊မကွေး(၁၅)နှင့်မကွေး(၁၂) မြေပဲမျိုးကွဲ လေးမျိုးနှင့် ဆီထွက်သီးနှံပိုးမွှားရောဂါ ကာကွယ်နည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ပေါက်ခေါင်းမြို့နယ်၌ ယခုနှစ်တွင် ဆီထွက်သီးနှံဧက ငါးသောင်းခြောက်ထောင်ကျော်လျာထားပြီး ပြည်ခရိုင်တွင် ဧကတစ်သိန်းကိုးသောင်းကျော် စိုက်ပျိုးရန်လျာထားကြောင်းနှင့် လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

## တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပေါက်ခေါင်းမြို့ နယ်မြေခံတပ်ရင်းသို့ သွားရောက်ကြပြီး အောင်တံခွန်ခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တပ်ရင်းတပ်ဖွဲ့များ အလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက် ဒေသခံပြည်သူများနှင့်တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

## တက်ရောက်အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်မြို့နယ် တီတွတ်စံပြကျေးရွာသို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပုဂ္ဂလိကများ၏ ခြံစည်းရိုးကြက်ဆူပင်ဧက ၂၀၀ စံပြစိုက်ခင်း၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများထံ ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်ကြသည်။

## အမှတ်တရစိုက်ပျိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့သည် ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်နေရာများတွင် အမှတ်တရ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စက်မှုလယ်ယာဦးစီးဌာနက ခင်းကျင်းပြသထားသော ခြံစည်းရိုးကြက်ဆူဆီ သုံးမီးဖို၊ မီးအိမ်၊ မီးခွက်၊ ခြံစည်းရိုးကြက်ဆူဆီ၊ အစေ့၊ အသီးများနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများအကြား ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို ကြားသီးနှံအဖြစ် သီးညှပ်စိုက်ပျိုးရန် လယ်ယာ(၂၂) ထွန်စက်များတွင် ခြံစည်းရိုးကြက်ဆူဆီ အသုံးပြု၍ ထွန်ယက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းဧက ၂၀၀ စံပြစိုက်ခင်းနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်သော တီတွတ် ခြံစည်းရိုးကြက်ဆူပင်စိုက်ကွင်း တစ်ခုလုံး၌ ၂၀၀၆ခုနှစ်တွင်ဧက ၁၂၅၀ စိုက်ပျိုးထားပြီးဖြစ်ရာ စုစုပေါင်း ဧက ၁၄၄၀ ကိုတစ်ဆက်တစ်စပ်တည်း စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

## စီစဉ်ဆောင်ရွက်

ပဲခူးတိုင်း (အနောက်ပိုင်း)၌ ယခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် ဧက ၁၂၀၀၀၀ လျာထားရာ ဧက ၁၁၀၀၀၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ပြီး ကျန်ဧက ၁၀၀၀၀ကို မိုးရာသီမကုန်မီ စိုက်ပျိုးသွားရန်တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ **(သတင်းစဉ်)**

# သာမဏေကျော်စာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

**ရန်ကုန် ဇူလိုင် ၁၃**

ပဲခူးမြို့ ဥသာမြို့သစ် သာမဏေကျော်ပရိယတ္တိစာသင်တိုက်နှင့် သာမဏေကျော် စာသင်တိုက်ခွဲများ၏ ဦးစီးနာယက ပဓာနဆရာတော် ဘဒ္ဒန္တ ဝိစက္ခဏာဘိဝံသ [သ-စ-သ-အ ဓမ္မာစရိယ၊ B., A Myanmar (Q )] မထေရ်မြတ်ကို အမှူးထား၍ သံဃာတော်အရှင်သူမြတ်အပါး ၁၆၀တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ပညာချွန်ဆုပေးပွဲကို ဇူလိုင်၂၉ရက် နံနက် ၈ နာရီတွင် စွန်ညီနောင်စွန်မင်း ဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# ထေရဝါဒဓမ္မကထိကသင်တန်းဖွင့်မည်

**ရန်ကုန် ဇူလိုင် ၁၃**

၁၃၆၉ခုနှစ်မှ စတင်၍ ဝါတွင်းသုံးလပတ်လုံး စနေ၊ တနင်္ဂနွေ၊ ဥပုသ်နေ့မှအပ ကျန်ရက်များတွင် နေ့စဉ်မွန်းလွဲ၂နာရီမှ ညနေ၃နာရီခွဲအထိ ဟောပြောမှုဆိုင်ရာ ထေရဝါဒ ဓမ္မကထိက သင်တန်းကြီးကို သာသနာ့တံခွန်စာသင်တိုက် ပဓာန နာယက ဆရာတော်ဘဒ္ဒန္တဝါသေဋ္ဌအရှင်မြတ်ကိုယ်တိုင် ဓမ္မဒါနပို့ချမည်ဖြစ်ပါသောကြောင့် တက်ရောက်လိုသော သံဃာတော်အရှင်သူမြတ်တို့သည် ဇူလိုင် ၂၆ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ သာသနာ့တံခွန်စာသင်တိုက် အိမ်တော်ရာ မြို့မကျောင်းလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၃၈၁၈၈၇သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ပြင်သစ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၁၄**

၂၀၀၇ခုနှစ် ဇူလိုင်၁၄ရက်တွင် ကျရောက်သည့် ပြင်သစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပြင်သစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘားနပ်ကုရှ်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ကြို့ပင်ကောက် ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

**ရန်ကုန် ဇူလိုင် ၁၃**

ကြို့ပင်ကောက်မြို့နယ် ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ၁၃၆၇ခုနှစ် တန်ဆောင်မုန်းလအတွင်း ကြို့ပင်ကောက်မြို့၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသားကျောင်းသူဟောင်းများ ကြိုတင်သိရှိနိုင်ရန် ဦးဝမ်းလှိုင် ဖုန်း-၆၆၁၀၇၈နှင့် ဦးတင်မြင့် ဖုန်း-၆၄၄၈၀၀၊ ၆၄၄၄၁၃၊ ဦးခင်နု ဖုန်း-၃၇၆၄၀၄ တို့သို့ အလှူငွေများဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



**ဇူလိုင်၁၂ရက်က ဆိပ်ကမ်းမြို့နယ်ရှိ ဆန်စပါးကုန်စည်ဒိုင်၌ ကျင်းပသည့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ပဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် မဟာမဇ္ဈိမာရုံကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍဝါဘိဝံသ အမှူးပြုသည့် သံဃာတော်များအား မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (ကုန်သည်/စက်မှု)

# ဒို့ကျောင်းဝန်းကျင် စိမ်းစိုလွင်

❒ သစ်ပင်စိုက်က အရိပ်ရ
အေးမြကြည်လင် လန်းလန်းရွှင်
သစ်လွင်စိုစိမ်း မြရည်လိမ်း
စိမ်းတယ်လေ့ လိမ်းတယ်လေး။

❒ ပန်းမျိုးစုံလင် စိုက်ပျိုးလျှင်
ဝန်းကျင်လည်းမွှေး စိတ်ကြည်အေး
မွှေးတယ်လေ့ အေးတယ်လေး။

❒ စိုက်ပျိုးကြလေ သီးနှံတွေ
ဝင်ငွေလည်းရ ဟင်းလည်းလှ
ရတယ်လေ့ လှတယ်လေး။

❒ ဒို့ကျောင်းဝန်းကျင် စိမ်းစိုလွင်
အမြင်လည်းအေး ရင်ထဲမွှေး
အေးတယ်လေ့ မွှေးတယ်လေး။

❒ ဒို့ကျောင်းဝန်းကျင် သန့်ရှင်းလျှင်
အမြင်လည်းဆန်း စိတ်ရွှင်လန်း
ဆန်းတယ်လေ့ လန်းတယ်လေး။

(ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်)

**ရေနံ့သာမောင်ကျော်ညွန့်**





# စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဆင်းပွဲကျင်းပ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၁၃**

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

## တက်ရောက်

သင်တန်းဆင်းပွဲအခမ်းအနားသို့ စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၆၉ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လခန့်ကြာမြင့်ခဲ့သည်။

## နေပြည်တော်၌ ဆက်လက်ဖွင့်လှစ်မည်

ထို့အပြင် အစိုးရဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများကိုလည်း စာရင်းစစ်ချုပ် သင်တန်းကျောင်း နေပြည်တော်၌ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



# ရန်ကုန်တိုင်းစစ်ဌာနချုပ် မိသားစု ဝါဆိုသင်္ကန်းဆက်ကပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၁၃

**ရန်ကုန်တိုင်းစစ်ဌာနချုပ် မိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၅နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘုရားခန်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့ တက်ရောက် ကြည်ညိုပူဇော်၍ ဝါဆိုသင်္ကန်းနှင့်တကွ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။** (အပေါ်ပုံ)

### တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သာသနောဒယ ကျောင်းတိုက်ဆရာတော် ဒေါက်တာ အရှင်ပန်ဝါရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်းနှင့် ဇနီး၊ စစ်ဒေသမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြည်ညို ပူဇော်ကြသည်။

### ငါးပါးသီလခံယူ

အစီအစဉ်အရ ဆရာတော်၊ သံဃာတော်များနှင့် တိုင်းမှူးဗိုလ်ချုပ်လှရွှေဝင်း၊ ဇနီးဒေါ်မာမာဝေနှင့် ဧည့်ပရိသတ်များသည် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး လမ်းမတော်မြို့နယ် သာသနောဒယ ကျောင်းတိုက် ဆရာတော် ဒေါက်တာ အရှင်ပန်ဝါရ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

### ဝါဆိုသင်္ကန်းဆက်ကပ်

ထို့နောက် ဆရာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော မေတ္တသုတ်ပရိတ် တရားတော်များနာယူကြပြီး တိုင်းမှူးဗိုလ်ချုပ်လှရွှေဝင်း၊ ဇနီး ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများက ဆရာတော် အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့်တကွ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

### ရေစက်သွန်းချ အမျှဝေ

ယင်းနောက် လမ်းမတော်မြို့နယ် သာသနောဒယကျောင်းတိုက် ဆရာတော် ဒေါက်တာအရှင်ပန်ဝါရထံမှ အနုမောဒနာတရား နာယူတော်မူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### အရဏ်ဆွမ်းဆက်ကပ်

ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ ဇနီးဒေါ်မာမာဝေနှင့် တာဝန်ရှိသူများသည် ဆရာတော်အရှင်သူမြတ်တို့အား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်ကလေးဆေးရုံကြီး ကလေးလူနာများအတွက် ငွေကျပ် ၁၀သိန်းလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်ကလေးဆေးရုံကြီးတွင် တက်ရောက် ဆေးကုသမှုခံယူနေသော ကလေးလူနာများအတွက် ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူနိုင်ရန် အမှတ် ၃၆ ရန်ကုန်-အင်းစိန်လမ်းနေ ဦးသက်နောင်-ဒေါ်ကြည်ကြည်ဝင်း(ချောစုဓာတ်ပုံ မိသားစု)က နှစ်ဖက်မိဘများအားရည်စူး၍ ငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ **(အောက်ပုံ)** ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်းသိရသည်။ **(က-ပ)**



# စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၅)ထွက်ပြီ

**ရန်ကုန် ဇူလိုင် ၁၃**

ယခုတစ်ပတ် စိမ်းလဲ့ရွှေပြည် သတင်းဂျာနယ်တွင် ဘင်္ဂလားဒေ့(ရှ်)နိုင်ငံတွင်ကျင်းပမည့် ဒုတိယနိုင်ငံခြားရေး ဝန်ကြီးအဆင့်အစည်းအဝေး၊ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးမည်၊ မကြာခင် ပိုမိုစိမ်းလန်းလာတော့မည့် ပဲခူးရိုးမ e-Ticketing စနစ်ကို သာကေတ ဆိပ်ခံ တံတားတွင် တည်ဆောက်မည်၊ ငွေကျပ် ၂၁၅ သိန်းတန် မုံရွာ အလက(၁) ပညာတံခွန် ကျောင်းဆောင်သစ် ပေးအပ်ပွဲကျင်းပ၊ တိုင်းရင်းမြန်မာဆေးခန်း ဝါးတစ်ရာ၌ ဖွင့်လှစ်ရန် စီစဉ်၊ မြန်မာသင်္ဘောသားများအတွက် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု လေ့ကျင့်ဆောင်ရွက်ပေးမည့် ကုမ္ပဏီသစ်၊ မိုးရာသီ အုတ်ဈေးကွက်အခြေအနေ၊ ရန်ကုန်တိုင်းနေရာအနှံ့ ဖြိုးစေတနာ၊ မည်သည့်လောင်စာဆီမျှ သုံးစွဲရန်မလိုသည့် သီးနှံစုံနှင့် စပါးအခြောက်ခံစက်၊ အထူးမွေးမြူရေးဇုန်ငါး(ဇုန်)တွင် နို့စားနွားကောင်ရေများ အဓိက မွေးမြူမည်၊ ပို့ကုန်များသာမက သွင်းကုန်များပါ (Online Booking)စနစ်ဖြင့် ဝန်ဆောင်မှုပေး၊ AISP စနစ်အရ မြန်မာပို့ကုန် ၂၀၄ မျိုး၊ ဘရူနိုင်း နိုင်ငံမှ အကောက်ခွန်သက်သာ ကင်းလွတ်ခွင့်ပြုအစရှိသည့် ပြည်တွင်းသတင်းများ၊ ပထမဆုံး တိုင်းလုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိလာမည့် မန္တလေးတိုင်း (ခင်မောင်တင်၊ ဝဲလောင်)၊ အမှိုက်များ လွှင့်နေသည် (မြတ်ခိုင်)၊ ကမ္ဘာလုံးလေး၏ သီးခြားဂုဏ်ဒြပ် (ကျိုက်ဝိုင်းသား)၊ တစ်သက်ပျော်ချင်လျှင် သစ်ပင်စိုက်ပါ (မြင်းခြံ၊ ကျော်အောင်)၊ ရန္တာပိုရွာမှာ စာချုပ်ကျောက် တိုင်စိုက်ပြီးပါပြီ (နီငြိမ်း-အညာ တက္ကသိုလ်)၊ ရှေးစစ်တပ်ဖွဲ့စည်းပုံနှင့် ဗိုလ်တထောင်လေး (မင်းလှစံမြင့်) အပါအဝင် ရသစုံနှင့် စိုက်ပျိုးရေးအထောက်အကူပြု ဆောင်းပါးများ၊ မျက်မှောက်နိုင်ငံတကာသတင်းများ ဝေဝေဆာဆာဖော်ပြထားသည်။ **(အပေါ်ပုံ)**





စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို စာပေဗိမာန်စာအုပ်ဆိုင်၊ ဝါမိုးအောင်၊ ဆင်တောင်ကြီး၊ မနီလာ၊ NPEစာအုပ်ဆိုင်နှင့် ပန်းရွှေပြည် (သိမ်ဖြူလမ်း) စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်သည်။ စာမူပေးပို့လိုလျှင် စာတည်းမှူးချုပ် စိမ်းလဲ့ရွှေပြည်ဂျာနယ် အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်၊ ဖုန်း-၃၈၂၀၇၀ သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ချို့တဲ့ကျောင်းသားများ စာရေးကိရိယာထောက်ပံ့

**မုံရွာခရိုင် ယင်းမာပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် ချို့တဲ့နွမ်းပါးသော ကလေးငယ်များအား ကျောင်းသုံးစာရေးကိရိယာ ထောက်ပံ့ပွဲအခမ်းအနားကို ဇွန် ၁၈ရက် ညနေ ၃ နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သာယာအေးခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ရီရီပြုံးက အသင်း၏ပထမလေးလပတ်လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်း ဆွေးနွေးပြီး စာရေးကိရိယာထောက်ပံ့ပွဲ ကျင်းပရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီပြုံး၊ အတွင်းရေးမှူး ဒေါက်တာလေးအောင်၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်မြင့်မြင့်ကြည်နှင့် ဒေါက်တာ ခင်ခင်ထွန်းတို့က ချို့တဲ့နွမ်းပါးသော ကျောင်းသား ကျောင်းသူ ၄၀ တို့အား ငွေကျပ် ၂၈၀၀၀ တန်ဖိုးရှိ ဗလာစာအုပ်များထောက်ပံ့ပေးခဲ့သည်။** (မြို့နယ်ပြန်/ဆက်)

## ခန္တီး၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ခန္တီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၅ရက် မွန်းတည့် ၁၂နာရီက ရပ်နားကျေးရွာအုပ်စု မောက်ခလောက်ကျေးရွာ၌ကျင်းပရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးမြမောင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယ ဦးစီးမှူး ဦးဇေယျာဝင်းက စာအုပ်စာပေဖတ်ရှုရခြင်း အကျိုးကျေးဇူးများ၊ စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က သုတ၊ ရသစာအုပ် ၁၀၀စီနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းကြပြီး အဆောက်အအုံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

## ဝိုင်းမော်မြို့နယ်၌ မခေါ်ချောင်းတံတားဖွင့်

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုအတွင်း မိုင်းနားနှင့် လဘန်ရွာ ဆက်သွယ်ထားသော လမ်းတွင် အလှူရှင် ကချင်အထူးဒေသ(၂)မှ ငွေကျပ်သိန်းပေါင်း ၁၃၀အကုန်အကျခံပြီး အရှည်ပေ ၆၀၊ အကျယ် ၁၂ ပေရှိ ကွန်ကရစ်တံတားဖွင့်ပွဲကို ဇွန် ၂၃ရက် နံနက် ၁၀နာရီက အဆိုပါတံတား မုခ်ဦးရှေ့တွင်ကျင်းပရာ မခေါ်ချောင်းတံတားကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်း၊ ကချင်အထူးဒေသ (၂)မှ ဦးအောင်ဂွမ်း၊ ဦးလဆန်အောင်ဝါ ငြိမ်းချမ်းရေးအဖွဲ့မှ ဦးကိုကိုတို့က တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**မြန်မာ့အလင်း**

**ပြည်တွင်းသတင်း အတိုအထွာ**

## ချင်းပြည်နယ် လျှပ်စစ်ဝန်ထမ်းများလက်ဖက်စိုက်ပွဲတော်ကျင်းပ

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ချင်းပြည်နယ် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးရွှေဘော်နှင့် ရုံးဝန်ထမ်းများသည် ဟားခါးမြို့တွင် ဇူလိုင် ၁၁ရက်က လက်ဖက်စိုက်ပွဲတော်ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်မြင့်၊ ပြည်နယ်၊ မြို့နယ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။**

**အဆိုပါ လက်ဖက်စိုက်ပွဲတော်တွင် လက်ဖက်အပင်ပေါင်း၁၄၅၀၀ကျော် စိုက်ပျိုးကြောင်းသိရသည်။**(က-ပ)

## ကမ်းနားလမ်း မြေထိန်းနံရံတည်ဆောက်

ဟုမ္မလင်းမြို့ ဆိပ်ကမ်းသာယာလှပရေးနှင့် ချင်းတွင်းမြစ်ရေတိုက်စားခြင်းမှ ကာကွယ်ရန် စာတိုက်၊ ဆိပ်ကမ်း အလျားပေ ၅၀ရှိ မြေထိန်းနံရံ တည်ဆောက်ခြင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြသိန်းထွန်း ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများနှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ရက်က အဆိုပါ မြေထိန်းနံရံ ဆောက်လုပ်ပြီးစီးမှုအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်းက ကြည့်ရှုစစ်ဆေးပြီး ကျန်ရှိသော အပိုင်းများကို ဆက်လက်ဆောင်ရွက်သွားရန် မှာကြားကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးတွင် ကျင်းပမည်

**ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲပြိုင်ပွဲကို ဩဂုတ် ၁ရက်မှ ၂ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဟင်းသီးဟင်းရွက်တွင် ဂေါ်ဖီ၊ အာလူး၊ ချင်း၊ ခရမ်းချဉ်သီး၊ သခွား၊ ကြက်သွန်ဖြူ၊ ဂေါ်ရခါး၊ ပန်းဂေါ်ဖီ၊ ဘူးသီးတို့ဖြင့်လည်းကောင်း၊ သစ်သီးဝလံတွင် သရက်၊ ပိန္နဲ၊ ၄က်ပျော၊ မာလကာ၊ နာနတ်၊ သဘော်၊ ထောပတ်တို့ဖြင့်လည်းကောင်း၊ ပန်းမန်တွင် ဂန္ဓမာ၊ နှင်းဆီ၊ ပိန်းပန်း၊ ဒေလီယာ၊ သစ္စာပန်းတို့ဖြင့်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပထမဆုငွေ ကျပ်တစ်သိန်း၊ ဒုတိယဆုငွေ ကျပ်ခုနစ်သောင်း၊ တတိယဆုငွေ ကျပ်ငါးသောင်း၊ အထူးဆုများအဖြစ် ပထမဆုငွေ ကျပ်ခုနစ်သောင်း၊ ဒုတိယဆုငွေကျပ်ငါးသောင်း၊ တတိယဆုငွေကျပ်သုံးသောင်းချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲ၊ ပြပွဲဝင်လိုသူများအနေဖြင့် ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးနေဝင်း (အဖွဲ့ဝင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)နှင့် ဦးထွန်းအေး (ကုန်သည်ကြီးများအသင်း)၊ ဦးကျော်သန်း [ပြည်နယ် မန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)]၊ ဦးမျိုးသူ (ပြည်နယ် မန်နေဂျာ၊ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း) တို့သို့ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း သိရသည်။** (က-ပ)

## စက်ရေတွင်းတူးဖော်ပြီးစီး

ဦးချစ်မောင်-ဒေါ်တင်တင် (ရွှေဒဂုံးဆေးတိုက်၊ မန္တလေး-ကသာ) သားသမီး၊ မြေးမြစ်မိသားစုတို့က ပခုက္ကူမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် အရှေ့တိုက် သာသနဓဇ ဇေယျသိဒ္ဓိ စံပြ(၁)ကျောင်းရှိ သံဃာတော်များနှင့် တိုက်တွင်းရှိ သံဃာတော် ၆၀၀ကျော်တို့အား သောက်သုံးရေများရရှိစေရေး ရေတွင်းတူးဖော်ရန်အတွက် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ စံပြ(၁) ဆရာတော်၏ ဦးဆောင်စီမံမှုဖြင့် ဆောင်ရွက်ရာ ၁၃၆၉ခုနှစ် နယုန်လပြည့်နေ့ (မဟာသမယနေ့)တွင် အောင်မြင်စွာ တူးဖော်ပြီးစီးကြောင်း သိရသည်။ **(က-ပ)**

# ဘင်းမ်စတက်အဖွဲ့ ဖွဲ့စည်းတည်ထောင်သည့် (၁၀)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

**ဘင်းမ်စတက်အဖွဲ့ ဖွဲ့စည်းတည်ထောင်သည့် (၁၀)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။**

## ခင်းကျင်းပြသထား

အဆိုပါ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ ဘင်းမ်စတက်အဖွဲ့၏ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍကြီး (၁၃)ခုတွင် မြန်မာနိုင်ငံက ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် စွမ်းအင်နှင့် စိုက်ပျိုးရေးကဏ္ဍတို့နှင့် သက်ဆိုင်သော ဝန်ကြီးဌာနများဖြစ်သည့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ ဘင်းမ်စတက်ကဏ္ဍဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အကြီးတန်း အရာရှိကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘင်းမ်စတက်ဆိုင်ရာ အစည်းအဝေးများနှင့်ပတ်သက်သည့် သတင်းဓာတ်ပုံများ၊ အစည်းအဝေးပွဲများစာရင်းနှင့် အစည်းအဝေးအစီရင်ခံများကို ခင်းကျင်းပြသထားသည်။

ဘင်းမ်စတက်အဖွဲ့ကို ဘင်္ဂလားပင်လယ်အော်နှင့် ထိစပ်လျက်ရှိသော နိုင်ငံများနှင့် ဘင်္ဂလားပင်လယ်အော်အပေါ် သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးအရ အမှီပြုနေရသော နိုင်ငံများဖြင့် ဖွဲ့စည်းထားသည်။ အဖွဲ့ဝင်နိုင်ငံ ခုနစ်နိုင်ငံရှိ၍ ယင်းနိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ကြသည်။

## ပူးပေါင်းဆောင်ရွက်

ဘင်းမ်စတက်အဖွဲ့၏ ရည်မှန်းချက်များမှာ စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေမည့် အခြေအနေနှင့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်အတွက် ကုန်သွယ်ရေး၊ စက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ၊ လူ့စွမ်းရည် ဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ အခြေခံအဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရန်၊ ဒေသခွဲအတွင်း စီးပွားရေးနှင့် လူမှုရေးတိုးတက်မှု မြှင့်တင်ရန် တန်းတူရည်တူနှင့် လုပ်ဖော်ကိုင်ဖက် စိတ်ဓာတ်ဖြင့် ပူးတွဲဆောင်ရွက်ရန်၊ အဖွဲ့ဝင်နိုင်ငံများအားလုံး အကျိုးရှိစေမည့် စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍများ၌ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် အပြန်အလှန် အကူအညီပေးရန်၊ ပညာရေး လုပ်ငန်းခွင်စွမ်းရည်တိုးမြှင့်ရေးနှင့် နည်းပညာဆိုင်ရာ သင်တန်းနှင့် သုတေသန အကူအညီများပေးခြင်းဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူညီပံ့ပိုးပေးကြရန်၊ ပြည်သူတို့၏ လူနေမှုအဆင့် မြှင့်တင်ရေးကို အကျိုးပြု၍ အမျိုးသားစီမံကိန်းများကို အထောက်အကူပြုစေနိုင်သော အလုပ်အကိုင် ပိုမိုရရှိရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရေးနှင့် အခြားကြိုးပမ်းမှုများတွင် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရန်၊ ရည်ရွယ်ချက်၊ မျှော်မှန်းချက်ချင်းတူညီသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ဒေသဆိုင်ရာ အဖွဲ့အစည်းများတွင် နီးကပ်စွာနှင့် အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရန် ဒေသခွဲအဆင့်တွင် လက်တွေ့အကျိုးရလဒ်ဖြစ်ထွန်းစေနိုင်ပြီး အုပ်စုအတွင်း ရနိုင်သော စုပေါင်းအားကို အသုံးချနိုင်သည့် စီမံချက်များကို ပူးပေါင်းဆောင်ရွက်ရန်စသည်တို့ဖြစ်ကြောင်း သိရသည်။

## လက်မှတ်ရေးထိုး

ဘင်းမ်စတက်အဖွဲ့ ဖွဲ့စည်းထူထောင်ပြီး ၁၀နှစ်တာ ကာလအတွင်း သိသာထင်ရှားသော ဆောင်ရွက်ချက်များအဖြစ် ဘင်းမ်စတက် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ရေးဆိုင်ရာ မူဘောင်သဘောတူစာချုပ် (Framework Agreement on BIMST-EC Free Trade Area) သဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်း၊ ၂၀၀၄-၂၀၀၅ခုနှစ်ကို ဘင်းမ်စတက် ခရီးသွားလာရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်း၊ ဘင်းမ်စတက် ကုန်သည်ကြီးများအသင်း ထူထောင်ခဲ့ခြင်း၊ ဖူးခက်ကျွန်းတွင် ပထမအကြိမ် ဘင်းမ်စတက်လူငယ်များ ဘောလုံးပြိုင်ပွဲကျင်းပခဲ့ခြင်း၊ ဗန်ကောက်မြို့တွင် ဘင်းမ်စတက်လုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ပေးခြင်းဆိုင်ရာ ဘင်းမ်စတက် ဗဟိုဌာန ဖွဲ့စည်းထူထောင်ခဲ့ခြင်း၊ မြန်မာနိုင်ငံ မြင်းခြံမြို့နယ် ကုက္ကဲကျေးရွာတွင် ဇီဝဓာတ်ငွေ့ အသုံးပြုရေးစီမံကိန်းကို တည်ထောင် ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်ကြီး၏ မဟာရံတံတိုင်း ဆောက်လုပ်ပြုပြင်ရန်အတွက် ကြည့်မြင်တိုင်မြို့နယ် ခနလှိုင်တာဝါနေ ဦးနိုင်ကို-ဒေါ်သီတာအောင်၊ သား မောင်မိုးဇော်နိုင်မိသားစုတို့က မဟာရံတံတိုင်း တစ်ခန်းအတွက် အလှူငွေကျပ် သုံးသိန်းကို နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒက ရှေ့မှောက်၌ ဘဏ္ဍာရေးမှူး ဦးသန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



**ဇူလိုင်၁၃ရက်က ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ ရန်ကုန်အနောက်ပိုင်းခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဗဟန်း မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ စာရေးကိရိယာများ ဆက်ကပ်လှူဒါန်းစဉ်။** (မြန်မာ့အလင်း)

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘင်းမ်စတက်အဖွဲ့ ဖွဲ့စည်းတည်ထောင်သည့် (၁၀)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားတွင် နှုတ်ခွန်းဆက် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)






## MRTV-4 အစီအစဉ်

**၁၄-၇-၂၀၀၇ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇း၀၅ | "ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာတရားတော်" (အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာ နန္ဒမာလာဘိဝံသ) |
| ၇း၅၅ | အရဏ်ဦး၏အလှများ |
| ၈း၁၅ | တေးဂီတအစီအစဉ် |
| ၈း၂၀ | စွန့်စားဖွေရှာရတနာ |
| ၈း၅၅ | တေးဂီတအစီအစဉ် |
| ၉း၀၀ | တောင်ကြီးမြို့ရဲ့ တုမရှိ လောကချမ်းသာ စူဠာမုနိ |
| ၉း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ | မဇ္ဈိမဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာ |
| ၉း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၀ | ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ |
| ၁၀း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၀ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၁၀း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ | ဖူးမဝသည် ထူးလှသည့်ရောင်ခြည်တော်များနှင့် ရှင်စောမြတ်စေတီ |
| ၁၁း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၁း၂၅ | ရတနာကိုးသွယ်စီကာသခြယ် |
| ၁၁း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၅၅ | **ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ** (မေသန်းနု၊ပန်းဖြူ၊ကျော်ဇေယျ၊ ဦးခိုင်တင်) (ဒါရိုက်တာ-မောင်မောင်ဦး၊ စနိုးပိုက်) |
| ၁၂း၀၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၂း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၄၅ | အရသာတစ်မူထူးခြား ကိုရီးယားအစားအစာများ (ရေညှိထမင်းလိပ်၊ ပဲခေါက်ဆွဲ) |
| ၁၂း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည၇နာရီအထိတစ်ကြိမ်၊ ည၇နာရီမှ နံနက်၁နာရီအထိတစ်ကြိမ်၊ နံနက်၁နာရီမှ နံနက်၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### ၂၀၀၇ ခုနှစ် အာရှဖလားပွဲစဉ်များ

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ညနေ ၄း၅၀ | မလေးရှား-ဥဇဘက်ကစ္စတန် | MRTV-4 (Live) |
| ည ၇း၀၅ | အင်ဒိုနီးရှား-ဆော်ဒီအာရေဗျ | MRTV-4 (Live) |

# ဘီးလင်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

**ရန်ကုန် ဇူလိုင် ၁၃**

ဘီးလင်းမြို့နယ်အသင်း (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် (၂၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ဘီးလင်းတိုက်သစ်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားတွင် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ဝေဠုဝန်) နိကာယဂိုဏ်းကြီး၏ ဒုတိယအကျိုးတော်ဆောင်ချုပ် ဘီးလင်းတိုက်သစ်ဆရာတော် ဘဒ္ဒန္တပညောဘာသအား အမှူးထား၍ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် ဆွမ်းခဲဖွယ်တို့ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ အသင်းဝင်နှင့် ဘီးလင်းမြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

## ပေးပို့လှူဒါန်းနိုင်

ပညာရည်ချွန်ဆုအတွက် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင်သားသမီးများ အမှတ်စာရင်းမိတ္တူနှင့်အတူ ဇူလိုင်၁၅ရက် နောက်ဆုံးထား၍ ဒုတိယဗိုလ်မှူးကြီးခင်စိုး(ငြိမ်း) ဥက္ကဋ္ဌ ဖုန်း-၅၇၇၀၇၆၊ ဦးအောင်မြင့်လွင် ဒုတိယဥက္ကဋ္ဌ ဖုန်း- ၅၇၂၁၉၄၊ ဦးသန့်ကြီး အတွင်းရေးမှူး ဖုန်း- ၅၃၉၇၅၈၊ ဦးအောင်မြင့် တွဲဖက်အတွင်းရေးမှူး ဖုန်း- ၅၄၁၆၃၈၊ ဦးကျော်အေး တွဲဖက်အတွင်းရေးမှူး(၂) ဖုန်း-၂၄၈၀၀၁တို့သို့ ပေးပို့ရန်နှင့် လှူဖွယ်ပစ္စည်းများကို အသင်းတည်ရာ ဘီးလင်းတိုက်သစ်သို့ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၂၉)**

## မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

### ခန္ဓာကိုယ်ပေါ်မှ မှဲ့များ အိုမင်းရင့်ရော်မှု၏ လက္ခဏာဖြစ်

**လူ့ခန္ဓာကိုယ်ပေါ်မှ မှဲ့အရေအတွက်သည် ကိုယ်ခန္ဓာကြီး မည်မျှမြန်မြန် အိုမင်းရင့်ရော်ခြင်းကို ညွှန်ပြသည့် အမှတ်လက္ခဏာတစ်ရပ်ဖြစ်မည်ဟု သိပ္ပံပညာရှင်များက ပြောဆိုသည်။**

#### နှိုင်းယှဉ်ကြည့်

**လန်ဒန်မြို့ ဘုရင့်ကောလိပ်မှ သိပ္ပံပညာရှင်တစ်စုက အမွှာ ၁၈၀၀ ကို လေ့လာစူးစမ်းရာ၌ အိုမင်းရင့်ရော်မှု ဒီအင်န်အေနှင့် မှဲ့အရေအတွက်တို့ကို နှိုင်းယှဉ်ကြည့်သည်။**

#### အရေပြားကင်ဆာ

**မှဲ့အရေအတွက်များသော ထိုပုဂ္ဂိုလ်၏ ဒီအင်န်အေမှာ အိုမင်းရင့်ရော်မှုတိုက်ဖျက်သည့် ဂုဏ်သတ္တိပိုရှိမည်ဖြစ်ကြောင်း တွေ့ရသည်ဆို၏။ ဤတွေ့ရှိချက်မှာ မှဲ့အရေအတွက်များလေ အရေပြားကင်ဆာဖြစ်ရန် ပို၍များလေဟူသော ဆက်နွယ်တွေ့ရှိချက်နှင့် ဆန့်ကျင်နေသည်။**

#### ကွဲပြား

**မှဲ့များသည် ကလေးဘဝတွင်ပေါ်ပြီး အသက်ရလာသည်နှင့်အမျှ ကွယ်ပျောက်သည်။ မှဲ့အရေအတွက်မှာလည်း တစ်ယောက်နှင့်တစ်ယောက် ကွဲပြားသည်။** (အင်တာနက်)



# နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ အလုပ်သမားနှင့် ရထားပို့ အနိုင်ရ၊ ပြန်ကြားရေးနှင့် စွမ်းအင် သရေကျ

**နေပြည်တော် ဇူလိုင် ၁၃**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့က ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ဆက်လက်ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အလုပ်သမားဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

### ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း

#### နံနက် ၇ နာရီခွဲပွဲ (ဓ) အုပ်စု

| | |
|---|---|
| အလုပ်သမားဝန်ကြီးဌာန | ခုနစ်ဂိုး။ |
| အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဂိုးမရှိ။ |

### ပေါင်းလောင်းအားကစားကွင်း

#### ညနေ ၄နာရီပွဲ (ဓ) အုပ်စု

| | |
|---|---|
| ရထားပို့ဆောင်ရေးဝန်ကြီးဌာန | သုံးဂိုး။ |
| လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဂိုးမရှိ။ |

### လယ်ဝေးမြို့နယ်အားကစားကွင်း

#### ညနေ ၄နာရီပွဲ (င) အုပ်စု

| | |
|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | နှစ်ဂိုး။ |
| စွမ်းအင်ဝန်ကြီးဌာန | နှစ်ဂိုး။ |

ဇူလိုင် ၁၄ ရက် ပေါင်းလောင်းအားကစားကွင်း၌ နံနက် ၇နာရီခွဲတွင် (င)အုပ်စုမှ သာသနာရေးဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအသင်း၊ ညနေ ၄နာရီတွင် (စ)အုပ်စုမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းနှင့် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး လယ်ဝေးမြို့နယ် အားကစားကွင်း၌ ညနေ ၄နာရီတွင် (စ)အုပ်စုမှ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(က–ပ)**



၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲတွင် (င)အုပ်စုမှ ပြန်ကြားရေး ဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)



ရန်ကုန်တိုင်း ဗဟန်း မြို့နယ် ဗဟန်း လမ်းမကြီးရှိ အဘိဓမ္မာရတနာဃရ အဘိဓမ္မ ဓမ္မဗိမာန်တော်ကြီးတွင်အကြိမ် (၄၀)မြောက် ကျင်းပမည့် အဘိဓမ္မာ ခုနစ်ကျမ်း (အာဂမ+သဘာဝ) စာတော်ပြန်ပွဲကြီး တစ်နေ့တာဆွမ်းအတွက် ဆရာကြီး ဒေါ်ဘဒ္ဒဝဇီရာနှင့် မိဘများအား အမှူးထား၍ ဦးလှဖေ၊ ဒေါ်ချို၊ သမီးမလှကြင်(ယူကေ)မိသားစုတို့က အသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးမျိုးခင်(စီမံ)ထံ ငွေကျပ်ရှစ်သိန်းကို ဆူးလေစေတီတော် ရင်ပြင်ပေါ်ရှိ အဘိဓမ္မာအသင်းတိုက်တွင် ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

### ● ကျောဖုံးမှ

ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို အဋ္ဌမနေ့အဖြစ် ယနေ့နံနက် ၈နာရီမှ ညနေ၄နာရီအထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၃၅ တွဲကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များက ဝယ်ယူကြသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ညပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိသည်။

#### ဈေးပြိုင်စနစ်

အဆိုပါကျောက်စိမ်း၊ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဇူလိုင် ၆ ရက်မှ ယနေ့ညနေပိုင်းအထိ ရှစ်ရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၄၀၉၀တွဲကို ရောင်းချခဲ့ရသည်။ **(သတင်းစဉ်)**

# တရားမဝင် ပြည်ပမှခေါ်ဆိုမှုများနှင့် စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁၃**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် အရည်အသွေးပြည့်မီသော ပြည်တွင်းပြည်ပ ဆက်သွယ်ရေးစနစ်များ ဖြစ်ပေါ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မသမာသူအချို့သည် ပြည်ပမှ အဝင်ခေါ်ဆိုမှု (Incoming Call)များကို ပြည်ပကုမ္ပဏီအချို့နှင့် ပူးပေါင်းပြီး တရားမဝင်နည်းလမ်းများဖြင့် ပြည်တွင်းသို့ ပေးပို့နေကြသဖြင့် ပြည်သူ့ဘဏ္ဍာငွေ ဆုံးရှုံးသည့်အပြင် ပြည်ပအဝင်ခေါ်ဆိုမှုများတွင် အသံအရည်အသွေး ညံ့ဖျင်းမှုများ၊ ဖက်စ်၊ အီးမေးလ်များ အသုံးပြု၍မရခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

ပြည်တွင်းနံပါတ်များဖြင့် ပြည်ပခေါ်ဆိုမှုများ ဝင်လာပါက ၎င်းပြည်တွင်းနံပါတ်များကို မှတ်သားပြီး မိမိ၏မည်သည့် ဖုန်းနံပါတ်ကို မည်သည့်အချိန်တွင် မည်သည့်ပြည်တွင်းနံပါတ်ဖြင့် ပြည်ပခေါ်ဆိုမှုများကို ခေါ်ဆိုသွားကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တိုင်ကြားမှုလက်ခံသည့် ဖုန်းနံပါတ်–၁၀၆(သို့မဟုတ်)ဖက်စ်နံပါတ်–၀၆၇–၄၂၂၁၀၆တို့သို့ဆက်သွယ်အကြောင်းကြားပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။**

# လင်းလွန်းပင် စာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းရပ်ကွက် လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်၌ ပုရိမဝါကပ်တော်မူကြမည့် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တမာစာရ အမှူးရှိသော စာချစာသင်သံဃာတော်အပါး၈၀ တို့အား လင်းလွန်းပင် ပရိယတ္တိသာသနုဂ္ဂဟအဖွဲ့မှ (ဆဋ္ဌမ)အကြိမ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာတော်အရှင်သူမြတ်များအား စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆိုလပြည့်နေ့ (ဇူလိုင် ၂၉ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ အလှူရှင်များအနေဖြင့် ကိုယ်တိုင်တက်ရောက်၍ဖြစ်စေ၊ ဖုန်း–၅၃၇၆၅၇၊၅၀၁၉၁၂ နှင့် ၅၁၈၀၅၄တို့သို့ဖြစ်စေ သင်္ကန်းတစ်စုံလျှင် ငွေကျပ် ၃၀၀၀ဖြင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**(က–ပ)**

# သဲအင်းဂူ အဓိဋ္ဌာန်ခုနစ်ရက်တရားစခန်း

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ဇူလိုင် ၂၂ ရက်မှ ၂၉ ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ကျင်းပသွားမည်ဖြစ်သည်။ တရားစခန်းပွဲတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသီဟ(ပုသိမ်) အရှင်သူမြတ်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဇူလိုင် ၂၁ ရက် (စနေနေ့) ညနေ ၅ နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ လာရောက်စာရင်းပေးသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၉ ခုနှစ်**
**ပထမဝါဆိုလကွယ်နေ့ (ဥပုသ်နေ့)**
**၁၄–၇–၂၀၀၇ ရက် (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၅ | ၅။ | အတီးပြိုင်ပွဲ |
| ၈း၀၅ | ၆။ | ဂမုန်းရေလှောင်တမံ |
| ၈း၁၅ | ၇။ | တေးဂီတအစီအစဉ် |
| ၈း၃၀ | ၈။ | International News |
| ၈း၄၅ | ၉။ | Grammar made Easy |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၅ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | ၃။ | ပြည်တွင်းသတင်း |
| ၁၁း၄၀ | ၄။ | ချစ်စရာ့အရွယ် ကစားကြမယ် |
| ၁၂း၀၅ | ၅။ | တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်း သတင်းစဉ် |
| ၁၂း၂၅ | ၆။ | ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ |
| ၁၂း၃၅ | ၇။ | **တို့တစ်ရွာလုံး ချမ်းသာပြီ** ဆန်းထွဋ်၊ သူသူဟံသာ၊ အကယ်ဒမီဇော်ဦး၊ မိုးဒီ၊ ငွေတောင်၊ တက္ကသိုလ်ဂွမ်းပုံ (ဒါရိုက်တာ–တင်အောင်ရွှေ–သုတေသီ) |
| ၁၃း၀၀ | ၈။ | ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ (၂၀၀၇ ခုနှစ်၊ ဇူလိုင်လ) |
| ၁၃း၁၅ | ၉။ | တိုင်းရင်းသား ရိုးရာအက |
| ၁၃း၃၀ | ၁၀။ | သက်တံရောင်သံစဉ် |
| ၁၃း၄၅ | ၁၁။ | သာခုခေါ်ဆိုဖွယ်ရာ အလင်းအလှူတော်မင်္ဂလာ |
| ၁၄း၁၅ | ၁၂။ | အတီးပြိုင်ပွဲ |
| ၁၄း၃၀ | ၁၃။ | ဘော်ဘင်ရေလှောင်တမံ |
| ၁၄း၄၅ | ၁၄။ | International News |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | မြူးမြူးကြွကြွ ယဉ်ကျေးမှုအက |
| ၁၆း၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာ အထူးပြုများ) [စီးပွားရေး] |
| ၁၇း၀၀ | ၅။ | မြို့တော်အေးမင်းအောင် ဆိုင်းအဖွဲ့ဖျော်ဖြေခန်း(အပိုင်း–၁) |
| ၁၇း၂၀ | ၆။ | တေးဂီတအစီအစဉ် |
| ၁၇း၃၀ | ၇။ | ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင် |
| ၁၈း၀၀ | ၈။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၉။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၀။ | အလှရှာမယ် လှကမ္ဘာဝယ် |
| ၁၈း၅၅ | ၁၁။ | ဘိုင်းဒါးရေလွှဲဆည် |
| ၁၉း၀၀ | ၁၂။ | နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း–၄၂) |
| ၂၀း၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်းများ |
| | ၁၅။ | မိုးလေဝသအခြေအနေ |
| | ၁၆။ | နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနှောင်ကြိုး** (အပိုင်း–၅) |
| | ၁၇။ | မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော် |

# အများပိုင် မြန်မာဆန်စက်ကုမ္ပဏီလီမိတက် ပြောင်းလဲတည်ထောင်ရန် စီစဉ်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၃**

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းက ၂၀၀၄ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် မြန်မာဆန်စက်ကုမ္ပဏီလီမိတက်ကို ယခုအခါ အများပိုင်မြန်မာဆန်စက် ကုမ္ပဏီလီမိတက်သို့ ပြောင်းလဲတည်ထောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

#### ဆောင်ရွက်မည်

အများပိုင် မြန်မာဆန်စက် ကုမ္ပဏီလီမိတက်တွင် ဆန်စက်လုပ်ငန်းရှင်များ၊ ဟာလာဆန်စက်ပိုင်ရှင်များ၊ တောင်သူလယ်သမားများနှင့် အခြားစိတ်ဝင်စားသူမည်သူမဆို အစုရှယ်ယာများဝယ်ယူပြီး ပါဝင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အများပိုင် မြန်မာဆန်စက် ကုမ္ပဏီလီမိတက် အစုရှယ်ယာတစ်စုလျှင် တန်ဖိုးငွေကျပ်တစ်သိန်း သတ်မှတ်ထားပြီး တစ်ဦးချင်းအနေဖြင့် အများဆုံးအစုရှယ်ယာ ၁၀၀၀ အထိ ဝယ်ယူနိုင်မည်ဖြစ်၍ ငွေကျပ် သန်း ၅၀၀၀ ခန့် ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်သည်။

#### မေးမြန်းနိုင်

ဆန်စပါး ပိုမိုစိုက်ပျိုးပြီး ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် ဆန်စပါးလုပ်ငန်း လုပ်ကိုင်သူနှင့် နိုင်ငံတော်အတွက် အကျိုးရှိစေရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်မည့် အများပိုင်မြန်မာဆန်စက် ကုမ္ပဏီလီမိတက်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း အမှတ်၆၉ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း–၂၉၆၂၄၈နှင့် ၂၉၆၂၈၄တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

# NLD (ဗဟို)သည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိ နိုင်ငံဖွံ့ဖြိုးရေးပါဝင်ဆောင်ရွက်မှုမရှိဘဲ အာဏာရရှိရေးကိုသာအဓိကထား စစ်ကိုင်းမြို့နယ်မှ ပါတီဝင် ၁၂ ဦး ဆန္ဒအလျောက် စုပေါင်းနှုတ်ထွက်

**ရန်ကုန် ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ရွာသစ်ကြီး ကျေးရွာနေ ဦးစိုးမြင့်၊ ဦးမာမက်၊ ဦးသောင်း၊ ဦးကျော်မြ၊ ဦးဂဏီဘိုင်နှင့် ရွာမကျေးရွာနေ ဦးအောင်ကျော်မိုး၊ ဒေါ်ခင်လေးမော်၊ ဦးနေလင်း၊ ဦးမြင့်ကျော်၊ ဦးမြင့်ထူး၊ ဦးသောင်းနှင့် ပဒူကျေးရွာနေ ဦးသန်းထွန်းတို့သည် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နှုတ်ထွက်ကြောင်း နှုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နှုတ်ထွက်လွှာများကို ပေးပို့နှုတ်ထွက်ခဲ့ကြသည်။

#### ဆက်လက်ပါဝင်လိုစိတ်မရှိ

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နှုတ်ထွက်လွှာတွင် NLD (ဗဟို)သည် တိကျပြတ်သားသောနိုင်ငံရေးလမ်းစဉ်မရှိဘဲ ပါတီခေါင်းဆောင်များ စိတ်ဝမ်းကွဲပြားနေကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်မှုမရှိဘဲ အာဏာရရှိရေးကိုသာအဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားစွာ ဆောင်ရွက်နေကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ အရည်အချင်းနည်းပါးပြီး နိုင်ငံရေးအချောင်လိုက်နေခြင်းများကိုသာ တွေ့မြင်နေရသဖြင့် ပါတီဝင်အဖြစ် ဆက်လက်ပါဝင်လိုစိတ် မရှိသောကြောင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နှုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

# ချန်ရစ်အံ့

## ခြင်ကျား(မအူပင်)

**တပ်မတော်သည် အခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲမှုဖြစ်မည်ဟု အခိုင်အမာ ယုံကြည်ထားသကဲ့သို့ နိုင်ငံရေးပါတီ ၃၁ ပါတီကလည်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲရမည်ဟု ခံယူထားလေသည်။ တိတိလင်းလင်း မဟုတ်သော်လည်း အခြေခံဥပဒေသစ်တစ်ရပ် ရှိမှုဖြစ်မည်ဟု သဘောထားကြောင်း ယုံကြည်ရသည့် ပါတီပေါင်း ၄၄ပါတီရှိပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ်နှင့် ပတ်သက်၍ သဘောထားဖော်ပြခြင်းမရှိသော ပါတီပေါင်း ၁၁ပါတီ ရှိပေသည်။**

အချို့ပါတီများက ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ်ရေးဆွဲရေးကို သဘောညီခံယူသော်လည်း အာဏာလွှဲပေးပြီး သုံးလအတွင်း ရေးဆွဲမည်ဆိုကြလေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ရေးဆွဲရာမှာ တစ်ပါတီ၏ သဘောထား၊ နိုင်ငံရေးပါတီများ၏ သဘောထားကို အခြေခံကာ ပြီးလွယ်စီးလွယ်ရေးဆွဲ၍ ခိုင်မာသော အခြေခံဥပဒေကိုရရှိမည် မဟုတ်ပါ။ လူထုလူတန်းစား အလွှာအသီးသီးမှ ကိုယ်စားလှယ်များနှင့် အတူ ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများပါ လက်တွဲလျက် အမျိုးသားညီလာခံကြီးတွင် အခြေခံဥပဒေရေးဆွဲရာ၌ပါဝင်ရမည့် အခြေခံမူများကို အချိန်ယူ ဆွေးနွေးညှိနှိုင်းအတည်ပြုမှသာလျှင် ပြည်ထောင်စုကြီး ရေရှည်တည်တံ့ရေးကို အာမခံနိုင်မည့် အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်နိုင်မည်ဖြစ်ပါသည်။

**တပ်မတော်သည် အမျိုးသားညီလာခံကြီးကျင်းပရာတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများပါ ပါဝင်တက်ရောက်နိုင်ရန် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းဖော်ဆောင်ပေးခဲ့သည်။ တပ်မတော်သည် ၁၉၉၂ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် မိမိ၏ ထိုးစစ်များကို တစ်ပြည်လုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရပ်ဆိုင်းပေးခဲ့ခြင်းသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ငြိမ်းချမ်းရေးအခြေခံကို စိတ်ရင်းစေတနာမှန်ကန်စွာ တည်ဆောက်ပေးခြင်း ပင်ဖြစ်သည်။ ထို့အပြင် ၁၉၉၂ခုနှစ်တွင် ကျင်းပခဲ့သော အမျိုးသား ညီလာခံကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးများသည် အမျိုးသား စည်းလုံးညီညွတ်ရေးကို ဦးတည်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲအသွင် ဆောင်ခဲ့လေသည်။**

တပ်မတော်၏ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး စွမ်းဆောင်မှုကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်များသည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြပြီး အမျိုးသားညီလာခံကြီး၌ ညီလာခံကိုယ်စားလှယ်များအဖြစ် ပါဝင်တက်ရောက်နိုင်ခဲ့လေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို ပြည်သူများလိုလားတောင့်တနေကြသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးအတွက် ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ပေးခဲ့ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ခဲ့သည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော ယာယီအားဖြင့်ဆိုင်းငံ့ထားရသည့် အမျိုးသားညီလာခံကြီးအား ၂၀၀၄ခုနှစ် မေလ၁၇ရက်တွင် ပြန်လည်ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ယခုအချိန်အထိ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပလာခဲ့သည်မှာ စတုတ္ထအကြိမ် ရှိခဲ့ပြီဖြစ်ပါသည်။

ပထမအကြိမ် အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်မှ ဇူလိုင်လ ၉ရက်အထိ အောင်မြင်စွာ ကျင်းပခဲ့သည်။ ဒုတိယအကြိမ် အမျိုးသားညီလာခံကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်မှ မတ်လ ၃၁ ရက်အထိ ကျင်းပခဲ့ပြီး အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်းတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ခဲ့ပါသည်။

တတိယအကြိမ်အမျိုးသားညီလာခံကို ၂၀၀၅ခုနှစ် ဒီဇင်ဘာလ၅ရက်မှ ၂၀၀၆ခုနှစ် ဇန်နဝါရီလ၃၁ရက်အထိ ကျင်းပခဲ့ရာတွင် အုပ်ချုပ်ရေးဆိုင်ရာနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ခဲ့ပါသည်။

၂၀၀၆ခုနှစ် အောက်တိုဘာလ ၁၀ရက်မှ ဒီဇင်ဘာလ ၂၉ရက်အထိ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် အမျိုးသားညီလာခံမှာ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ အသေးစိတ်အခြေခံရမည့် မူများ၊ တပ်မတော်အခန်းနှင့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပါသည်။

ထို့အပြင် ကျန်အခန်းများဖြစ်သည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်အခန်းတို့အတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်အပေါ် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အသီးသီးတို့၏ ထောက်ခံချက်များနှင့် အကြံပြုချက်များကို ညီလာခံကိုယ်စားလှယ်များသို့ သဘာပတိအဖွဲ့မှ စုစည်းတင်ပြ၍ အတည်ပြု ချမှတ်ရန် အသင့်ဖြစ်နေပြီးဖြစ်ကြောင်း သိရပါသည်။

လာမည့် ဇူလိုင်လ၁၈ရက်နေ့တွင် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပရန် စီစဉ်လျက်ရှိသည်။ ယခုကျင်းပမည့်အမျိုးသားညီလာခံသည် နောက်ဆုံးအကြိမ်ကျင်းပမည့် ညီလာခံဖြစ်ပြီး ကျန်ရှိသောအခန်း(၇)ခန်းအတွက် အသေးစိတ်အခြေခံမူများချမှတ်မည်ဖြစ်သည်။ ထို့ပြင် အခြားပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည်များကိုလည်း ပြုလုပ်သွားမည်ဟု သိရပေသည်။

**အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးနောက် အမျိုးသားညီလာခံကြီးမှ ညှိနှိုင်းဆွေးနွေးအတည်ပြုရရှိလာသော အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို အခြေခံလျက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲရမည်ဖြစ်ပါသည်။**

**အဆိုပါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုချက် ရယူပြီးနောက် ရွေးချယ်တင်မြှောက်ပွဲတစ်ရပ်ကျင်းပလျက် တပ်မတော်အစိုးရသည် အရပ်သားအစိုးရသို့ နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။**

ပြန်လည်ကျင်းပသော အမျိုးသားညီလာခံအဆင့်ဆင့်တို့၌ လူထုလူတန်းစား အလွှာ(၈)လွှာမှ အမျိုးသားညီလာခံကိုယ်စားလှယ်များနှင့်အတူ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြပြီး အမျိုးသားညီလာခံကြီးတွင် လက်တွဲပါဝင်တက်ရောက်ဆွေးနွေး ညှိနှိုင်းလျက်ရှိကြသည်။

NLD ပါတီဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များကမူ အမျိုးသားညီလာခံပြန်လည်ကျင်းပချိန်တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်မှ တရားဝင်ဖိတ်ကြားခဲ့ပါလျက် အခွင့်သာ အခါကောင်းကို ဆန့်ကျင် ကျောခိုင်း၍ အမျိုးသားညီလာခံကြီးသို့ တက်ရောက်ရန် ပျက်ကွက်ခဲ့ကြပြန်သည်။

**NLDသည် ပြည်ပဆရာကြီးများ၏ ကြိုးဆွဲမှုနှင့် ဒေါ်စုကြည်၏ ဩဝါဒကိုခံယူလျက် အမိန့်ဟူသမျှ ဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်လေးပိတ်ဖြင့် ပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေးကိုသာ တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိပေသည်။ NLD အပါအဝင် ပြည်တွင်းပြည်ပအဖျက်သမားများသည် မြန်မာနိုင်ငံအပေါ် ပြည်ပအခြေစိုက်အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့ကြီးက ပိတ်ဆို့ ကန့်ကွက်အရေးယူစေရန် မမှန်သတင်းများပေးပို့လျက် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင် ပျက်ပြားစေရအောင် အပတ်တကုတ် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ဤလုပ်ရပ်များမှာ တကယ့် မဟာ့မဟာအမှားများပင် ဖြစ်ပါသည်။**

## ငြိမ်းချမ်းရေးအခြေခံကို စိတ်ရင်းစေတနာမှန်ကန်စွာ တည်ဆောက်ပေးခဲ့

**တပ်မတော်သည် အမျိုးသားညီလာခံကြီး ကျင်းပရာတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများပါ ပါဝင်တက်ရောက်နိုင်ရန် အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေးကို ကြိုးပမ်း ဖော်ဆောင်ပေးခဲ့သည်။ တပ်မတော်သည် ၁၉၉၂ခုနှစ် ဧပြီလ ၂၈ရက်နေ့တွင် မိမိ၏ ထိုးစစ်များကို တစ်ပြည်လုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရပ်ဆိုင်းပေးခဲ့ခြင်းသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ငြိမ်းချမ်းရေးအခြေခံကို စိတ်ရင်းစေတနာ မှန်ကန်စွာ တည်ဆောက်ပေးခြင်းပင်ဖြစ်သည်။**

**ယနေ့အချိန်တွင် အမျိုးသားညီလာခံကြီး၏ ရည်မှန်းချက်ပန်းတိုင်မှာ လက်တစ်ကမ်းအလိုသို့ ရောက်ရှိနေပြီဖြစ်ပြီး မဝေးလှသောကာလတွင် အောင်ပန်းဆွတ်ချူ၍ ပိုင်ပိုင်နိုင်နိုင် ပန်းဝင်တော့မည်ဖြစ်ပါသည်။ ဤသို့သော အခြေအနေမျိုးတွင် NLD သည် တွေ့ဆုံဆွေးနွေးရေးကိုသာ တစာစာအသံကောင်းဟစ်ပြီး တောင်းပွဲ၊ တိုက်ပွဲ၊ ဆန့်ကျင်ပွဲတွေနှင့် လုံးလည်ချာလည်လိုက်ကာ ဂျာအေးသူ့အမေရိုက် ဖြစ်နေပါသည်။ လက်ရှိ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကိုလည်း မထောက်ခံ၊ ၎င်းညီလာခံမှ ဆွေးနွေးညှိနှိုင်း ချမှတ်လျက်ရှိသည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကိုလည်း ဆန့်ကျင်၊ သူတို့အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ပြီး သူတို့စိတ်ကြိုက် ခြယ်လှယ်ခွင့်ရမှသာ တရားမျှတပြီး နိုင်ငံရေး အနှစ်သာရပြည့်ဝမည်ဟု သိက္ခာမဲ့စွာ ရပ်ပျက်ဆင်းပျက် တောင်းဆိုနေသော NLD အပေါ် ပြည်သူက စိတ်ပျက်လက်ပျက်ဖြစ်နေပြီ ဆိုသည်ကိုလည်း သတိမူသင့်လှပါပြီ။**

**NLD အနေဖြင့် နိုင်ငံရေးအစွန်းရောက် ဝါဒအမှားများကို သုံးသပ် ဆင်ခြင်သိမြင်ပြီး အမှန်သို့ အမြန်ဆုံးပြောင်းလဲပြင်ဆင်ရန် နောက်မကျသေးဟုထင်ပါသည်။ ပြည်သူ့ဆန္ဒနှင့်အညီ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးနှင့် ခြွင်းချက်မရှိ ပူးပေါင်းဆောင်ရွက်ခြင်းသည် NLD အတွက် နောက်ဆုံးထွက်ပေါက် ဖြစ်ကောင်းဖြစ်လာနိုင်ပါသည်။ သို့မဟုတ်ပါက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ တစ်ခဲနက် တညီတညွတ်သောဆန္ဒဖြင့် အဟုန်ပြင်းပြင်း ချီတက်လျက်ရှိသော ပြည်သူတစ်ရပ်လုံးက NLD ကို ၁၉၉၀ ရွေးကောက်ပွဲမှတ်တိုင်အဟောင်း၌သာ လက်ပြနှုတ်ဆက်ချန်ထားရစ်ခဲ့မည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပါတော့သည်။**

**ပန်းတိုင်အရောက်၊ လှမ်းကိုင်လျှောက်ရန်**
**နှောင့်ယှက်သူမျိုး၊ ထိုလူဆိုးကို**
**အမျိုးသားရေးရန်သူ၊ စွဲမှတ်ယူလျက်**
**ပြည်သူလက်ပြ ချန်ရစ်အံ့။ ။**

**...စုကြည်၏ ဩဝါဒကိုခံယူလျက် အမိန့်ဟူသမျှ ဆန့်ကျင်ရေး၊ ထိပ်တိုက်...ရေး၊ ပြည်ပအားကိုးရေးကိုသာ တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပေသည်။ ... မြန်မာနိုင်ငံအပေါ် ပြည်ပအခြေစိုက် အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂ ...ပေးပို့လျက် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင် ပျက်ပြားစေရအောင် ...ာ တကယ့် မဟာ့မဟာ အမှားများပင် ဖြစ်ပါသည်။**

# နော်ဝေ စီးပွားရေးလုပ်ငန်းရှင်များအား လာရောက်ရင်းနှီးမြှုပ်နှံရန် ရုရှားဖိတ်ခေါ်

စတော့ဟုမ်း ဇူလိုင် ၁၃

**ရုရှားနိုင်ငံ အနောက်မြောက်ပိုင်း၌ စီးပွားရေးလုပ်ငန်းများ ထူထောင်ကာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရန် နော်ဝေစီးပွားရေး လုပ်ငန်းရှင်များအား ရုရှားအာဏာပိုင်များက ဖိတ်ခေါ်လိုက်ကြောင်း ဇူလိုင် ၁၀ရက်က နော်ဝေနိုင်ငံ အော်စလိုမြို့မှလာသော သတင်းများတွင် ဖော်ပြသည်။**

ထိုသို့ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာ၌ အဆင်ပြေချောမွေ့စေရန် ကြိုးစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရုရှားအာဏာပိုင်များက ကတိပြုထားကြောင်း နော်ဝေသတင်းဌာနက သတင်းထုတ်ပြန်သည်။

**လေ့လာ**

နော်ဝေနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ရုရှားနိုင်ငံ၌ ထူထောင်ရန် လေ့လာလျက်ရှိကြောင်း ရုရှားအာဏာပိုင်တစ်ဦးဖြစ်သူ နီကိုရာက ပြောကြားသည်။

ရုရှားနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံမည့် နော်ဝေစီးပွားရေးလုပ်ငန်းများအား ရုရှားအစိုးရက အကူအညီများ ပေးသွားမည်ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ထိုင်းတောင်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား တပ်ဖွဲ့ဝင်ငါးဦးဒဏ်ရာရ

**ဗန်ကောက် ဇူလိုင် ၁၃**

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီပြည်နယ်၌ ဇူလိုင် ၁၀ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ထိုင်းတပ်ဖွဲ့ဝင်ငါးဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ထိုနေ့ နံနက်စောစောပိုင်းက မေယွန်ပြည်နယ်၌ အထူးတပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ်အတွင်း ချောင်းမြောင်းတိုက်ခိုက်ခံရသဖြင့် ဒဏ်ရာရတပ်ဖွဲ့ဝင်များအား ပြည်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း ဗန်ကောက်ပို့စ်သတင်းဌာနက ဖော်ပြသည်။

၂၀၀၄ခုနှစ် နှစ်ဦးပိုင်းကတည်းက ထိုင်းနိုင်ငံတောင်ပိုင်းပြည်နယ်များ ဖြစ်သည့် ပတ္တနီ၊ နာရာသီဝပ်နှင့် ယာလာပြည်နယ်များတွင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၂၃၀၀ ကျော်ရှိပြီဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**



အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီ အာကာသစခန်းကို ဇူလိုင် ၁၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# ဗီယက်နမ်၏ မော်တော်ကားရောင်းချမှု မြင့်တက်

ဟန္နိုင်း ဇူလိုင် ၁၃

**ဗီယက်နမ်နိုင်ငံတွင် မော်တော်ကားရောင်းချမှုမှာ ယခုနှစ် ပထမနှစ်ဝက်အတွင်း ၂၈၅၂၈စီးရှိခဲ့ရာ ယခင်နှစ် အလားတူ ကာလကထက် ၇၉ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ဗီယက်နမ် စက်မှုလုပ်ငန်းအဖွဲ့တစ်ခုက ဇူလိုင် ၁၀ရက်၌ သတင်းထုတ်ပြန်သည်။**

ပြီးခဲ့သည့် ဇွန်လတစ်လတည်း၌ပင် မော်တော်ကားစီးရေ ၆၀၈၃စီး ရောင်းချခဲ့ရာ ၂၀၀၆ခုနှစ် ဇွန်လကထက် ၆၂ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဗီယက်နမ် မော်တော်ကားထုတ်လုပ်ရေးအဖွဲ့က ပြောကြားသည်။

**ရောင်းချခဲ့**

တိုယိုတာ ဗီယက်နမ်မော်တော်ကားများအနေဖြင့် ပြီးခဲ့သည့်လက ကားစီးရေ ၁၇၇၄စီးရောင်းချခဲ့ရသည်။ အဆိုပါ မော်တော်ကားရောင်းချမှုနောက်မှ ပြည်တွင်းဘတ်စ်ကားနှင့် ထရွန်ဟိုင် ထရပ်စ်ကား လုပ်ငန်းက မော်တော်ကား၉၅၆စီး၊ဗီနာစူကီမော်တော်ကားလုပ်ငန်းမှ ၆၀၈စီးရောင်းချခဲ့ကြရသည်။

**ပိုင်ဆိုင်**

ဗီယက်နမ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က လူဦးရေ ၈၃သန်းကျော်ရှိရာ ၁၃ဦးလျှင် မော်တော်ကားတစ်စီးခန့် ပိုင်ဆိုင်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# အီရတ်စစ်ပွဲ ဆန့်ကျင်သည့် အမေရိကန်ပြည်သူပိုများလာ

# ပြည်သူ့သဘောထား စစ်တမ်း၌ဖော်ပြပါရှိ

**ဝါရှင်တန် ဇူလိုင် ၁၃**

သမ္မတဘုရှ်၏ စစ်ပွဲဆိုင်ရာ မဟာဗျူဟာအပေါ် ၎င်း၏ရီပတ်ဘလီကင်ပါတီမှ မလိုလားသူ ပါတီဝင်များ တိုးတက်များပြားလာစဉ် သမ္မတဘုရှ်အား ပြည်သူထောက်ခံမှုမှာလည်း ထပ်မံကျဆင်းကာ အီရတ်စစ်ပွဲ ဆန့်ကျင်သူဦးရေလည်း ပိုမိုများပြားလာကြောင်း ယူအက်စ်အေ တူဒေးသတင်းစာ ပြည်သူ့သဘောထား ကောက်ယူချက်စစ်တမ်းတွင် ဖော်ပြသည်။

**ထပ်မံကျ**

သမ္မတဘုရှ်အား ထောက်ခံသူဦးရေမှာ ဇွန်လအစောပိုင်းက ၃၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုအခါ ၂၉ ရာခိုင်နှုန်းသို့ ထပ်မံကျဆင်းသွားကြောင်း ယူအက်စ်အေတူဒေးက ဇူလိုင် ၁၀ ရက်၌ ဖော်ပြသည်။

အီရတ်၌ ယခုနှစ် အမေရိကန်တပ်ဖွဲ့ဝင်များ တိုးချဲ့မှုကြောင့် အခြေအနေ တိုးတက်ကောင်းမွန်သည်ဟု အမေရိကန်ပြည်သူ ၂၀ရာခိုင်နှုန်းက ပြောကြားသော်လည်း ၅၀ရာခိုင်နှုန်းက မထူးခြားဟု ရှုမြင်သည်။

**ရုပ်သိမ်းရန်လိုလား**

ဧပြီလနောက်ဆုံးထားပြီး အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်အားလုံးကို ရုပ်သိမ်းပေးရန် ၇၀ရာခိုင်နှုန်းသော အမေရိကန်ပြည်သူတို့က လိုလားကြောင်း သတင်းစာကဖော်ပြလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား



**ကမ္ဘာ့အကြီးဆုံးမှို**

**ကမ္ဘာပေါ်တွင် အကြီးဆုံးမှိုပွင့်ကြီးတစ်ခုကို ပြသစဉ်။** (အပေါ်ပုံ)

မက္ကဆီကိုနိုင်ငံ ချီရာပက်စ် ပြည်နယ်ရှိ ကော်ဖီစိုက်ခင်းတစ်ခုအတွင်း ပေါက်နေသော မှိုပွင့်ကြီးတစ်ခုမှာ အလေးချိန်၄၁ ပေါင်ရှိရာ ကမ္ဘာပေါ်၌ အကြီးဆုံးမှိုပွင့်ဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**

**အကြီးဆုံးရှောဝဲ**

**အကြီးဆုံးရှောဝဲကြီး တစ်ကောင်ကို တွေ့ရစဉ်။** (အောက်ပုံ)

တာ့ခ်မေးနီးယားနိုင်ငံ စထရာဟန်ဆိပ်ကမ်း၌ ပင်လယ်ပြင်မှ ဖမ်းဆီးရမိသော ရှောဝဲတစ်ကောင်မှာ စုစုပေါင်း ပတ်လည်အရှည် ၂၆ပေရှိရာ အကြီးဆုံး ရှောဝဲတစ်ကောင်ဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**



# ပီရူး၌ ဘတ်စ်ကား တိမ်းမှောက် ၁၄ဦးသေဆုံး၊ ၂၅ဦး ဒဏ်ရာရ

လီမာ ဇူလိုင် ၁၃

**ပီရူးနိုင်ငံကက်စ်ကိုမြို့ရှိ အဝေးပြေးလမ်းမပေါ်တွင် ခရီးသည်တင် ဘတ်စ်ကားတစ်စီး ချောက်ထဲသို့ထိုးကျရာ ခရီးသည် ၁၄ဦးသေဆုံးပြီး ၂၅ဦး ထက်မနည်း ဒဏ်ရာရရှိကြောင်း ပီရူးရဲတပ်ဖွဲ့က ဇူလိုင် ၁၀ရက်၌ သတင်းထုတ်ပြန်သည်။**

**ယင်းဖြစ်ပွားမှုသည် ဇူလိုင်၉ရက် ညပိုင်းက ကက်စ်ကိုမြို့မှ မီတာ ၁၀၀အကွာရှိ ဆာရာမြို့တွင် တံတားဖြတ်ကျော်မောင်းနှင်စဉ် ခရီးသည်တင် ဘတ်စ်ကား တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။**

**ဇူလိုင်၁၀ရက် နံနက်ပိုင်း၌ ကယ်ဆယ်ရေးအဖွဲ့က ခရီးသည်များအား ရှာဖွေမှု ပြုလုပ်ခဲ့ပြီးနောက် ဒဏ်ရာရရှိသူများကို ပြည်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။** အမ်အင်န်အေ၊ဆင်ဟွာ

# ယခုနှစ် နွေရာသီတွင် တရုတ်၌ ရေလွှမ်းမှု ၃၆၀ သေဆုံး၊ စိုက်ပျိုးမြေများပျက်စီး

**ပေကျင်း ဇူလိုင် ၁၃**

တရုတ်နိုင်ငံ၌ ယခုနှစ် နွေရာသီတွင် ရေလွှမ်းမှုနှင့် မြေပြိုမှုများကြောင့် စိုက်ပျိုးမြေ ဟက်တာ လေးသန်းကျော်ပျက်စီးပြီး လူပေါင်း ၃၆၀ သေဆုံးခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ဇူလိုင် ၁၁ရက်၌ ဖော်ပြသည်။

စီးပွားရေးအရ တိုက်ရိုက်ပျက်စီး ဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၁ ဘီလီယံရှိကြောင်း တရုတ်နိုင်ငံ ရေလွှမ်းမှုထိန်းချုပ်ရေးဌာနက ထုတ်ပြန်သော စာရင်းဇယားများ၌ ဖော်ပြသည်။

**ပျက်စီး**

ရေလွှမ်းမှုကြောင့် နေအိမ်အလုံးပေါင်း ၂၁၇၀၀၀ လုံးပျက်စီးခဲ့ပြီး ကောက်ပဲသီးနှံများ စိုက်ပျိုးထားသော မြေဟက်တာပေါင်း ၂ဒသမ ၀၃ သန်း ပျက်စီးခဲ့သည်ဟု အဆိုပါဌာနမှ ဒုတိယညွှန်ကြားရေးမှူး ချန်ဒန်လုန်က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

# အီရတ်ထိပ်တန်းစစ်အရာရှိ ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် ဇူလိုင် ၁၃

**ဘဂ္ဂဒက်မြောက်ပိုင်း သီးခြားဖြစ်စဉ်များတွင် သေနတ်သမားများက အဆင့်မြင့် အီရတ်စစ်ဘက်အရာရှိ တစ်ဦးကို ပြန်ပေးဆွဲသွားပြီး ရဲတပ်ဖွဲ့ဝင်သုံးဦးကို သတ်ဖြတ်လိုက်ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ဇူလိုင် ၁၀ရက်၌ ပြောကြားသည်။**

**အမေရိကန် ကျူးကျော်ရေးသမားများနှင့် ပူးပေါင်းဆောင်ရွက်သည်ဆိုကာ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအား သူပုန်တို့က မကြာခဏ တိုက်ခိုက်သည်။** အမ်အင်န်အေ၊ဆင်ဟွာ

# မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ရိုးရာလက်ဝှေ့ ဗိုလ်လုပွဲ အလဲထိုးဗိုလ်စွဲ

**သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)**

ရန်ကုန် ဇူလိုင် ၁၃

**၂၀၀၇ ခုနှစ် ဒုတိယအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာလက်ဝှေ့(က)အဆင့်ပြိုင်ပွဲနှင့် နဝမအကြိမ် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ကရင်ပြည်နယ်မှ ရှစ်ဦး၊ ရန်ကုန်တိုင်းမှ ငါးဦး၊ တနင်္သာရီတိုင်းမှ နှစ်ဦးနှင့် ကချင်ပြည်နယ်မှ တစ်ဦးတို့ မိမိပြည်နယ်နှင့်တိုင်းများအတွက် ရွှေတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့သည်။**

ပွဲဦးထွက် ဗိုလ်လုပွဲအဖြစ် ဘယ်လက်သီးအသုံးများသည့် မိုးကြိုး(တနင်္သာရီ)နှင့် ဘယ်ဒူးတိုက်ချက်၊ ခြေကန်ချက်များအားသန်သည့် စိုးမိုးဟိန်း(ကရင်)တို့အချီပြည့်အနိုင်ရရှိရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ တတိယအချီအထိ သရေဖြစ်နေ၍ ဒိုင်လူကြီးများက အမှတ်ဖြင့် စိုးမိုးဟိန်း(ကရင်)အား အနိုင်ပေးခဲ့သဖြင့် ပထမရရှိပြီး မိုးကြိုး(တနင်္သာရီ) ဒုတိယရရှိသည်။

**အနိုင်ရရှိ**

လူသစ်တန်း ၅၁ ကီလိုဖလိုင်းဝိတ်တန်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် အားပါသည့် ရွှေချစ်ထွေး(ကရင်)က ပြိုင်ဘက် သက်ပိုင်စိုး (တနင်္သာရီ) ကို ပထမအချီ ၁ မိနစ် ၁၇ စက္ကန့်၌ ညာဝိုက်လက်သီးဖြင့် အလဲထိုးနိုင်ခဲ့သဖြင့် အနိုင်ရရှိခဲ့သည်။

**လူသစ်တန်း**

လူသစ်တန်း ၅၄ ကီလိုဘင်တန်ဝိတ်တန်းတွင် နိုင်စိုးလင်း(ကရင်)နှင့် လူအေး(ရန်ကုန်)တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ ပထမအချီ ၁ မိနစ် ၄၁ စက္ကန့်အရောက်၌ နိုင်စိုးလင်း အတင်းလိုက်ထိုးရာ လူအေးရဲ့ ညာထောက်လက်သီး မျက်နှာထိ၍ လဲကျသွားပြီး ပြန်မထနိုင်၍ အလဲထိုးဖြင့် လူအေး ပထမရရှိသွားသည်။

လူသစ်တန်း ၅၇ ကီလိုဖယ်သာဝိတ်တန်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ညီမိုက်ခဲ(ကချင်) နှင့် သားကျောင်းသား (ကရင်) တို့ ရွှေတံဆိပ်ရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ တတိယအချီ ၁မိနစ် ၁၀စက္ကန့်၌ သားကျောင်းသားအဝင် ညီမိုက်ခဲ၏ ညာဒူး အရှိုက်ထိ၍ သားကျောင်းသား အလဲထိုးဖြင့် အရှုံးပေးလိုက်ရပြီး ညီမိုက်ခဲ ပထမရရှိသွားသည်။

လူသစ်တန်း ကီလို ၆၀ လိုက်ဝိတ် တန်းဗိုလ်လုပွဲတွင် သားသား (တနင်္သာရီ) နှင့် ကျော်ရာဇာ(ကရင်) တို့ပွဲတွင် ဒုတိယအချီ ၄၀ စက္ကန့်၌ သားသားရဲ့ ဘယ်လက်သီး ကျော်ရာဇာ မျက်နှာထိပြီး ထပ်ဆင့် ညာဒူး အရှိုက်ထိ၍ ကျော်ရာဇာ လဲကျသွားသဖြင့် သားသား ပထမရရှိသည်။

လူသစ်တန်း ၆၃ ဒသမ ၅ ကီလို လိုက်ဝယ်လ်တာဝိတ်တန်း ဗိုလ်လုပွဲတွင် ကျော်ရဲခေါင်(ကရင်)နှင့် ရွှေဝါထွန်း(ပဲခူး)တို့ ယှဉ်ပြိုင်ရာ ဒုတိယအချီ ၁ မိနစ် ၃၅ စက္ကန့်၌ ကျော်ရဲခေါင်၏ ညာခြေဖြတ်ကန်ချက် ရွှေဝါထွန်း ဝဲဘက်နံစောင်းထိ၍ အလဲထိုးခံလိုက်ရသဖြင့် ကျော်ရဲခေါင် ပထမ ရရှိသွားသည်။



**လူသစ်တန်း ၆၃ ဒသမ ၅ ကီလို ဗိုလ်လုပွဲတွင် ရွှေဝါထွန်း(ပဲခူး)(ဝဲ) အား ကျော်ရဲခေါင်မှ အရှိုက်ကို ညာဒူးဖြင့် တိုက်ထားစဉ်။**

လူသစ်တန်း ၆၇ကီလို ဝယ်လ်တာဝိတ်တန်း ဗိုလ်လုပွဲအဖြစ် ထီးလှိုင်(ရန်ကုန်)နှင့်အေးအောင်(ကရင်) တို့ပွဲတွင် ထီးလှိုင် ပထမရရှိသွားသည်။

လူသစ်တန်း ၇၁ ကီလို လိုက်မစ်ဒယ်ဝိတ်တန်း ဗိုလ်လုပွဲတွင် မိုးကြိုးအောင်(ကရင်)နှင့် သူရအောင်(မွန်)တို့ ယှဉ်ပြိုင်ကြရာ ပထမအချီ ၁ မိနစ် ၃၇ စက္ကန့်၌ မိုးကြိုးအောင်၏ ပြင်းထန်သော ညာဒူးတိုက်ချက် သူရအောင် အရှိုက်ထိ၍ လဲကျသွားပြီး အလဲထိုးဖြင့် အရှုံးပေးလိုက်ရ၍ မိုးကြိုးအောင် ပထမဆု ဆွတ်ခူးရရှိသွားသည်။

လူသစ်တန်း ၇၅ ကီလို မစ်ဒယ်ဝိတ်တန်းဗိုလ်လုပွဲတွင် ကျားရိုင်း(တနင်္သာရီ)နှင့် စောစံလေးနွယ်(ကရင်)တို့ ဗိုလ်လုပွဲ၌ ပထမအချီ ၂ မိနစ် စက္ကန့် ၅၀ ၌ ကျားရိုင်း၏ ဘယ်ညာတွဲလက်သီး စောစံလေးနွယ် မျက်နှာထိ၍ ပစ်ကျသွားခဲ့ပြီးနောက် အလဲထိုးဖြင့် ကျားရိုင်း အနိုင်ရရှိကာ ပထမရရှိသွားသည်။

**(ခ)အဆင့်**

(ခ)အဆင့် လေးချိ လူသစ်တန်း ၄၈ကီလို လိုက်ဖလိုင်းဝိတ်တန်း ဗိုလ်လုပွဲတွင် အောင်စစ်မင်း (ကရင်)နှင့် စောသုံးလုံး (ရန်ကုန်)တို့ပွဲ၌ စတုတ္ထအချီ ၁ မိနစ် စက္ကန့် ၂၀ တွင် အောင်စစ်မင်း အလဲထိုးဖြင့် ပထမရရှိသည်။

(ခ)အဆင့် ၅၁ ကီလို ဖလိုင်းဝိတ်တန်းဗိုလ်လုပွဲတွင် အောင်သူဟိန်း (ရန်ကုန်) နှင့် ချစ်အောင် (ကရင်)တို့ အနိုင်ရဗိုလ်စွဲရေးအတွက် ရေကုန်ရေခန်း လေးချီ အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ အမှတ်ပေး ဒိုင်လူကြီး အဆုံးအဖြတ်ဖြင့် အောင်သူဟိန်း အနိုင်ရရှိသွားသည်။

(ခ)အဆင့် ၅၄ကီလို ဘင်တန်ဝိတ်တန်း ဗိုလ်လုပွဲတွင် ခင်မောင်မြင့် (ဧရာဝတီ) နှင့် ဆက်ထူးအောင် (ကရင်)တို့ ယှဉ်ပြိုင်ကြရာ ဒုတိယအချီ ၁ မိနစ် ၉ စက္ကန့်၌ ဆက်ထူးအောင်၏ ပြင်းထန်လှသော ညာဒူးတိုက်ချက်များဖြင့် အလဲထိုး အနိုင်ရရှိသွားသည်။

**အလဲထိုး**

(ခ)အဆင့် ၅၇ ကီလိုဖယ်သာဝိတ်တန်းဗိုလ်လုပွဲတွင် ရာဇာ(ဧရာဝတီ)နှင့် ဒေါင်းသဲခြေ(ကရင်)တို့ ယှဉ်ပြိုင်ကြရာ ပထမအချီစပြီး ၁၃ စက္ကန့်၌ ဒေါင်းသဲခြေ အလဲထိုး အနိုင်ရရှိသွားသည်။

(ခ)အဆင့် ကီလို ၆၀ လိုက်ဝိတ်တန်း ဗိုလ်လုပွဲတွင် ဗုန်းဝါ(ကရင်)နှင့် ဘိုဘိုအောင်(ရန်ကုန်)တို့ ယှဉ်ပြိုင်ကြရာ ပထမအချီ ၄၂ စက္ကန့်၌ ဗုန်းဝါ အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

(ခ)အဆင့် ၆၃ ဒသမ ၅ ကီလို လိုက်ဝယ်လ်တာဝိတ်တန်း ဗိုလ်လုပွဲတွင် ဒိန်း(ရန်ကုန်)နှင့် ရှမဝ(ကရင်)တို့ ယှဉ်ပြိုင်ကြရာ တတိယအချီ ၂ မိနစ် ၁၉ စက္ကန့်၌ ဒိန်း အလဲထိုးဖြင့် အနိုင်ရရှိသည်။

(ခ)အဆင့် ၆၇ ကီလို လိုက်ဝယ်လ်တာဝိတ်တန်း ယနေ့ဗိုလ်လုပွဲ နောက်ဆုံးပွဲစဉ်ဖြစ်ပြီး ဝိတ်တန်း အမြင့်ဆုံး ဗိုလ်လုပွဲတွင် စောပဂရေးမူး (ရန်ကုန်) နှင့် မင်းရန်နိုင်(ကရင်)တို့ ယှဉ်ပြိုင်ကြရာ ပထမအချီ ၁ မိနစ် ၃၅ စက္ကန့်၌ စောပဂရေးမူး၏ အားပါပြီး ပြင်းထန်သော ညာခြေခတ်ချက် မင်းရန်နိုင်၏ ဘယ်ဘက်နံကြားအား ထိခဲ့၍ ပွဲသိမ်းသွားသဖြင့် ပထမ စောပဂရေးမူး (ရန်ကုန်)နှင့် ဒုတိယ မင်းရန်နိုင်(ကရင်) တို့ ရရှိကြသည်။

ပြိုင်ပွဲအပြီးတွင် တာဝန်ရှိသူများက ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်သည်။

**တွေ့ဆုံမေးမြန်း**

ထို့နောက် မြန်မာ့အလင်းက ရန်ကုန်တိုင်းအသင်း အုပ်ချုပ်သူ ဦးစန်းဌေး ဦးစီးအရာရှိ (အား/ကာ)နှင့် တနင်္သာရီတိုင်းမှ နည်းပြချုပ် ဦးရေမြွေ တို့နှင့် တွေ့ဆုံ၍ ယခုပြိုင်ပွဲ အခြေအနေနှင့် ပါဝင်ယှဉ်ပြိုင်မှု အခြေအနေများကို မေးမြန်းရာ ဦးစန်းဌေးက **"မိမိတို့ ယခုပြိုင်ပွဲ တွင် ၂၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ၁၃ ဦး ဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ငါးဦး ပထမ ရရှိထားကြောင်း၊ ဇူလိုင် ၁၄ ရက်တွင် ဗိုလ်လုပွဲအဖြစ် ငါးဦး ဆက်လက် ယှဉ်ပြိုင်ရမှာဖြစ်ကြောင်း၊ မိမိတို့စုစည်း လေ့ကျင့်မှု ရက် ၂၀ သာရခဲ့သော်လည်း ယခုအထိ တက်လှမ်းနိုင်၍ ကျေနပ်ကြောင်း၊ မိမိတို့ အဓိကပြိုင်ဘက်မှာ ကရင်ပြည်နယ်ပင်ဖြစ်ကြောင်း"** မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

တနင်္သာရီတိုင်း အုပ်ချုပ်သူနှင့် နည်းပြချုပ် ဦးရေမြွေက **"မိမိတို့ ပြည်နယ်တွင် ယခုနှစ် မြို့နယ် ပေါင်းစုံ လူရွေးပွဲ မကျင်းပနိုင်ခြင်း မရှိသော်လည်း လက်ရည်ရှိသည့် ကလေး ၁၆ ဦးအား စုစည်း၍ ယခု ပြိုင်ပွဲပါဝင် ယှဉ်ပြိုင်ခဲ့ရာ ခုနစ်ဦး ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ကြောင်း၊ မိမိတို့အချိန်တိုအတွင်းမှာ မိမိကလေးတွေကို လေ့ကျင့်ပေးပြီး ယှဉ်ပြိုင်စေခဲ့ကြောင်း၊ ယခုပြိုင်ပွဲကြီးတွင် ကရင်ပြည်နယ် အသင်းသည် အင်အားတောင့်တင်းပြီး ဗိုလ်စွဲရန် သေချာသလောက်ရှိကြောင်း၊ ယင်းသို့ဖြစ်ရခြင်းမှာ ထောက်ပံ့မှု အားကောင်းပြီး နည်းပြများ၏ စေတနာကိုလည်း ကလေးတွေ လိုက်နာမှုရှိ၍ဖြစ်ကြောင်း၊ မိမိတို့ ယခုထက် အချိန်ပိုပြီး လေ့ကျင့်မှု ထောက်ပံ့မှု အားကောင်းလျှင် ယခုထက် အောင်မြင်မှု ပိုရနိုင်ကြောင်း"** မြန်မာ့အလင်းသို့ပြောကြားသွားသည်။

ဇူလိုင် ၁၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ဗိုလ်လုပွဲ စဉ်များ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

**(မြန်မာ့အလင်း)**



**(ခ)အဆင့် ၆၃ဒသမ၅ကီလို လိုက်ဝယ်လ်တာဝိတ်တန်း ပြိုင်ပွဲတွင်ရှမဝ(ကရင်)(ဝဲ)က ဒိန်း(ရန်ကုန်) ၏ ဘယ်ဝိုက်လက်သီး ထိုးချက်ကို ဘယ် လက် ဖြင့် ကာပြီး ဘယ် ခြေဖြင့် ပတ်ကန် ထားစဉ်။**

## အာရှဖလားဘောလုံးပြိုင်ပွဲ MRTV-4 မှ တိုက်ရိုက်ထုတ်လွှင့် ပြသမည်

ရန်ကုန် ဇူလိုင် ၁၃

**(၁၄)ကြိမ်မြောက် အာရှဖလားဘောလုံးပြိုင်ပွဲအား ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် အုပ်စုလေးစုခွဲ၍ ယှဉ်ပြိုင်ကစားလျက်ရှိသည်။ အဆိုပါ အာရှဖလားဘောလုံးပြိုင်ပွဲမှ ဘောလုံးပွဲစဉ်များကို MRTV-4 ရုပ်သံလိုင်းတွင် တိုက်ရိုက်ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။** (မြန်မာ့အလင်း)

## မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်

### အိုကီနာဝါကျွန်း၌ အင်အားပြင်း တိုင်ဖုံးတိုက်ခတ် လေယာဉ်ခရီးစဉ်များပျက်သိမ်း၊ နေအိမ်နှင့် ယာဉ်များပျက်စီး

တိုကျို ဇူလိုင် ၁၃

**ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်း၌ ဇူလိုင် ၁၃ ရက်က အင်အားပြင်းထန်သော တိုင်ဖုံးမုန်တိုင်း တိုက်ခတ်ရာ မိုးသည်းစွာရွာခြင်းနှင့် ရေလွှမ်းခြင်းများဖြစ်ပေါ်လျက်ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။**



**ထိုသို့မုန်တိုင်းတိုက်ခတ်ခြင်းကြောင့် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရပြီး လျှပ်စစ်ဓာတ်အားလိုင်းများလည်း ပြတ်တောက်ကာ မော်တော်ယာဉ်များ ပျက်စီးခဲ့ရကြောင်း၊ လူ ၁၇ ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။**

ဖြတ်သန်းတိုက်ခတ်

**ထိုမုန်တိုင်းသည် ဂျပန်နိုင်ငံ ကျူရှူးကျွန်းကိုလည်း ဖြတ်သန်းတိုက်ခတ်ရာ နေအိမ်အဆောက်အအုံများ ဆိုးရွားစွာ ပျက်စီးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

### နီပေါအနောက်ပိုင်း၌ မြေပြိုမှုဖြစ်ပွား ၂၆ ဦး သေဆုံး

**ခတ္တမန္ဒူ ဇူလိုင် ၁၃**

နီပေါနိုင်ငံ အနောက်ပိုင်း၌ ဇူလိုင် ၁၃ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြေပြိုမှုဖြစ်ပွားရာ ၂၆ ဦး သေဆုံးသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

**မြေပြိုမှုဖြစ်ပွား**

အဆိုပါ မြေပြိုမှုဖြစ်ပွားရာအရပ်မှာ နီပေါနိုင်ငံအနောက်ပိုင်း ဘတ်လန်ခရိုင်အတွင်းရှိ ဂဝါလီချူရာကျေးရွာ၌ဖြစ်ပြီး လူများအိပ်ပျော်နေစဉ် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

# ကိုပါအမေရိကဖလားအတွက် ကြိုတင်ရင်ခုန်သံ

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

ကာရာကတ်စ် ဇူလိုင် ၁၃

**ကမ္ဘာပေါ်မှာ သက်တမ်းအရင့်ဆုံး ဘောလုံးပြိုင်ပွဲတွေထဲမှာ တစ်ပွဲအပါအဝင်ဖြစ်တဲ့ ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲကို ဗင်နီဇွဲလားနိုင်ငံက အိမ်ရှင်အဖြစ် ဇွန်၂၇ရက်က စတင်ကျင်းပနေခဲ့တာဟာ အခုဆိုရင် နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ဇူလိုင် ၁၅ရက်(တနင်္ဂနွေနေ့)မှာ ဘရာဇီးနဲ့ အာဂျင်တီးနားတို့ ယှဉ်ပြိုင်ကစားကြတော့မှာဖြစ်ပါတယ်။**



**အာဂျင်တီးနားနည်းပြ ဘာဆီလီ။**
(ဓာတ်ပုံ-အင်တာနက်)

(၄၂)ကြိမ်မြောက် ကိုပါအမေရိကဖလားဘောလုံးပြိုင်ပွဲမှာတော့ တောင်အမေရိက ဘောလုံးအင်အားကြီး နှစ်နိုင်ငံဖြစ်တဲ့ ဘရာဇီးနဲ့ အာဂျင်တီးနားတို့ ထိပ်တိုက်ဆုံတွေ့ကြမှာမို့ ကမ္ဘာ့ဘောလုံးပရိသတ်တွေအတွက်တော့ စိတ်ဝင်စားစရာ အကောင်းဆုံးပွဲအဖြစ် ရသမျိုးစုံပေးမယ့် ဗိုလ်လုပွဲ တစ်ပွဲ မြင်တွေ့ကြရပါလိမ့်မယ်။

**အောင်မြင်မှုအရဆုံး**

ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်ရင် အောင်မြင်မှုအရဆုံးအသင်းတွေကတော့ အာဂျင်တီးနားနဲ့ ဥရုဂွေး အသင်းတို့ပဲ ဖြစ်ပါတယ်။ အာဂျင်တီးနားဟာ ကိုပါအမေရိကဖလားကို (၁၄)ကြိမ် ဆွတ်ခူးရရှိခဲ့တဲ့ အသင်းဖြစ်သလို ဥရုဂွေးကလဲ(၁၄)ကြိမ်ဆွတ်ခူးထားနိုင်တဲ့ အသင်းဖြစ်ပါတယ်။

**မှန်ကန်ခဲ့**

အခု (၄၂)ကြိမ်မြောက် ကိုပါအမေရိကဖလားပွဲ မစတင်မီက အာဂျင်တီးနား၊ ဘရာဇီးနဲ့ ဥရုဂွေး အသင်းတွေထဲက တစ်သင်းသင်း ဗိုလ်စွဲမယ်ဆိုတဲ့ သုံးသပ်မှုတွေဟာ မှန်ကန်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဥရုဂွေးအသင်းကလွဲပြီး ကျန်နှစ်သင်းဗိုလ်လုပွဲ တက်လာခဲ့ပေမယ့် ဘရာဇီးအသင်းကတော့ထုံးစံအတိုင်းပရိသတ်ကိုရင်တမမဖြစ်အောင်လုပ်ပြီးမှ နောက်ဆုံး ဗိုလ်လုပွဲကိုရောက်ရှိခဲ့တာပါ။ ဘရာဇီးအသင်း ဗိုလ်လုပွဲ ရောက်ရှိအောင် ဖြတ်သန်းခဲ့ရတဲ့ အနေအထားကိုကြည့်ရင် အုပ်စု(ခ)မှာ ဘရာဇီးဟာ မက္ကဆီကိုအသင်းကို နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ရာ ချီလီကို သုံးဂိုးပြတ်၊ အီကွေဒေါကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲတွေရပြီး ကွာတားတက်လာကာ ကွာတားမှာ ချီလီကို ခြောက်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီးနောက် အကြိုဗိုလ်လုပွဲကို တက်ရောက်လာခြင်းဖြစ်ပါတယ်။ အကြိုဗိုလ်လုပွဲမှာ ဥရုဂွေးကို နှစ်ဂိုးစီ သရေကစားပြီး ပယ်နယ်တီအဆုံးအဖြတ်နဲ့ ခက်ခက်ခဲခဲဗိုလ်လုပွဲကို တက်ရောက်လာခဲ့တာ ဖြစ်ပါတယ်။

အာဂျင်တီးနားကတော့ အုပ်စု(ဂ)မှာ အမေရိကန်ကိုလေးဂိုး-တစ်ဂိုး၊ ကိုလံဘီယာကို လေးဂိုး-နှစ်ဂိုး၊ ပါရာဂွေးကို တစ်ဂိုး-ဂိုးမရှိ ရလဒ်တွေနဲ့ အနိုင်ရရှိပြီး ကွာတားဖိုင်နယ်တက်ရောက်လာတဲ့အသင်း ဖြစ်ပါတယ်။ အာဂျင်တီးနားအသင်းဟာ ကွာတားဖိုင်နယ်မှာ ပီရူးကို လေးဂိုး ပြတ်သွင်းပြီး အကြို ဗိုလ်လုပွဲကို တက်ရောက်ခဲ့သလို အကြိုဗိုလ်လုပွဲမှာ မက္ကဆီကိုအသင်းကို သုံးဂိုးပြတ်သွင်းပြီး သိက္ခာရှိစွာနဲ့ ဗိုလ်လုပွဲ ရောက်လာတဲ့ အသင်း ဖြစ်ပါတယ်။ ဘရာဇီးအသင်းဟာ နောက်ဆုံး ဗိုလ်လုပွဲရောက်တဲ့ အထိ ပေးဂိုးငါးဂိုး၊



တီဗက်ဇ်

**အာဂျင်တီးနား တိုက်စစ်မှူးတီဗက်ဇ်။**
(ဓာတ်ပုံ-အင်တာနက်)



**ဘရာဇီးတိုက်စစ်မှူး ရော်ဘင်ဟို။**
(ဓာတ်ပုံ-အင်တာနက်)

သွင်းဂိုး ၁၂ဂိုးရှိခဲ့ပြီး အာဂျင်တီးနားကတော့ ပေးဂိုး-သုံးဂိုးနဲ့ သွင်းဂိုး၁၆ဂိုး ရှိခဲ့ပါတယ်။

**ပြောစရာမရှိ**

ဒီရလဒ်တွေကို ကြည့်ရင်တိုက်စစ်နဲ့ခံစစ်အပိုင်းတွေမှာ အာဂျင်တီးနားကို ဘရာဇီးတို့ မယှဉ်နိုင်ပါဘူး။ အာဂျင်တီးနားအသင်းဟာ ခံစစ်သိပ်သည်းကျစ်လျစ်သလို တိုက်စစ်ပိုင်းမှာလည်း ပြောစရာမရှိပါဘူး။

ဒါပေမယ့် အခု(၄၂)ကြိမ်မြောက် ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲမှာ ဂိုးအများဆုံး သွင်းထားသူကတော့ ဘရာဇီးတိုက်စစ်မှူး ရော်ဘင်ဟိုဖြစ်ပြီး စုစုပေါင်းခြောက်ဂိုး သွင်းယူထားပါတယ်။ အာဂျင်တီးနားက ရီကွယ်လ်မီးက ငါးဂိုးသွင်းပြီး ဒုတိယနေရာက ရှိနေသလို တီဗက်ဇ်ကလည်း ဂိုးသွင်းကောင်းတဲ့သူပါပဲ။



ဒွန်ဂါ

**ဘရာဇီးနည်းပြ ဒွန်ဂါ။**
(ဓာတ်ပုံ-အင်တာနက်)

**အပြည့်အဝရှိ**

ဘရာဇီးနည်းပြဒွန်ဂါဟာ ကာကာနဲ့ရော်နယ်ဒင်ဟိုတို့ မပါတဲ့ ဘရာဇီးအသင်းကို လူငယ်တွေနဲ့ ရဲရဲ တင်းတင်း ပွဲထုတ်ခဲ့တာဖြစ်လို့ ပရိသတ်တွေဝေဖန်မှုခံရပေမယ့် ယုံကြည် မှုအပြည့်နဲ့ ၄-၂-၄ ပုံစံ ခင်းကျင်းပြီး နောက်ဆုံး ဗိုလ်လုပွဲအထိ ချီတက်လာ ခြင်းဖြစ်ပါတယ်။ ဘရာဇီးအသင်းဟာ ကိုပါအမေရိကဖလားရဲ့ လက်ရှိ ချန်ပီယံဖြစ်တာမို့ ချန်ပီယံဆုကို ကာကွယ်ဖို့ ခြေစွမ်းအပြည့်အဝ ရှိတယ်လို့ နည်းပြဒွန်ဂါက ပြောကြားနေပါတယ်။

**ကြုံးဝါးနေပြီ**

အာဂျင်တီးနား အသင်းက ကိုပါအမေရိကဖလားကို (၁၄)ကြိမ်ရရှိခဲ့ဖူးပေမယ့် ၁၉၉၃ခုနှစ် နောက်ပိုင်းမှာ တစ်ကြိမ်တစ်ခါမှ ဖလားမရရှိခဲ့တာကြောင့် ၁၄နှစ်တာ ဝေးကွာခဲ့ရတဲ့ ကိုပါအမေရိကဖလားကို ဒီနှစ်မှာတော့ ရအောင် ပြန်ယူမယ်လို့ အာဂျင်တီးနားနည်းပြ ဘာဆီလီကကြုံးဝါးနေပြီဖြစ်ပါတယ်။

**အကောင်းဆုံးအနေအထား**

အာဂျင်တီးနားနည်းပြ ဘာဆီလီဟာ အာဂျင်တီးနား အသင်းကို ၁၉၉၁ခုနှစ်နဲ့ ၁၉၉၃ခုနှစ်တွေမှာ ကိုပါအမေရိကဖလားကို ရအောင်ယူပေးနိုင်ခဲ့တဲ့ နည်းပြတစ်ဦးမို့ ဒီနှစ်မှာ အာဂျင်တီးနားကို ဖလားရအောင် ပြန်ယူပေးဖို့အတွက် အကောင်းဆုံး အနေအထားနဲ့ ဗိုလ်လုပွဲ ရောက်ခဲ့ခြင်းဖြစ်ပါတယ်။

**မြင်တွေ့ခွင့်**

ဒါကြောင့် တောင်အမေရိက ဘောလုံးထိပ်သီးနှစ်သင်းရဲ့ အားပြိုင်ပွဲမှာ ဘယ်အသင်းဟာ ကိုပါအမေရိက ဖလားနဲ့ ထိုက်တန်တယ်ဆိုတာ မြင်တွေ့ခွင့်ရကြတော့မှာ ဖြစ်တဲ့ အကြောင်း ကြိုတင်ရင်ခုန်နိုင်အောင် တင်ပြလိုက်ပါတယ်။

**(ကိုးကား-အင်တာနက်)**

# ကမ္ဘာတစ်လွှား အားကစား

# ချယ်လ်ဆီးအသင်း ညွှန်ကြားရေးမှူးသစ်အား နည်းပြအလုပ်ဝင်မပါရန် မော်ရင်ဟိုသတိပေး



မော်ရင်ဟို

**ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟို။**
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇူလိုင် ၁၃

**ချယ်လ်ဆီးအသင်း နည်းပြ မော်ရင်ဟိုက အသင်း ညွှန်ကြားရေးမှူးသစ် ဂရန့်အား ၎င်း၏နည်းပြအလုပ်တွင် ဝင်ရောက်မစွက်ဖက်ရန် သတိပေးလိုက်သည်။**

ခန့်အပ်

**အသက် ၅၁နှစ်ရှိ အစ္စရေး နည်းပြဟောင်း ဂရန့်အား ပြီးခဲ့သော သီတင်းပတ်က ချယ်လ်ဆီးအသင်း ဘောလုံး ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခဲ့သည်။**

မပါသင့်

**၎င်းအား မော်ရင်ဟိုက အသင်း၏တိုးတက်ရာတိုးတက်ကြောင်း လုပ်ငန်းများကိုသာ ပါဝင်လုပ်ကိုင်စေလိုကြောင်း၊ နည်းပြအလုပ်ကို ဝင်မပါသင့်ကြောင်း သတိပေးလိုက်သည်။**

(အင်တာနက်)

စုစည်းတင်ပြသူ
မြင့်မောင်စိုး

# တိုက်စစ်မှူးမိုက်ကယ်အိုဝင် နယူးကာဆယ်၌သာ ကစားမည်ဟုဆို



**နယူးကာဆယ်အသင်းမှ မိုက်ကယ်အိုဝင်။**
(ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် ဇူလိုင် ၁၃**

နယူးကာဆယ်အသင်းက မိုက်ကယ်အိုဝင်အား ထွက်ခွာရေးကိစ္စနှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ခြင်းကို မိုက်ကယ်အိုဝင်က လက်မခံဘဲ ပယ်ချလိုက်သည်။

**ခြေကုန်ထုတ်**

မိမိသည် နယူးကာဆယ်အသင်း၌ ကစားရသည်မှာ ပျော်ရွှင်ကြောင်း၊ လာမည့်ရာသီတွင် အကောင်းဆုံး ခြေကုန်ထုတ် ကစားပြသွားမည်ဖြစ်ကြောင်း မိုက်ကယ်အိုဝင်က အခိုင်အမာ ပြောကြားလိုက်သည်။

**ထောက်ခံအားပေး**

နယူးကာဆယ်အသင်း၌ အကောင်းဆုံးအချိန်များစွာ ရှိနေသေးကြောင်း၊ ပျော်ရွှင်မှုထက် နယူးကာဆယ်အသင်း၌ ကစားခြင်းကို ဦးစားပေးမည်ဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားလိုက်သည်။ အိုဝင်သည် ၂၀၀၆ ကမ္ဘာ့ဖလားပွဲအပြီး ဒူးခေါင်းခွဲစိတ်ခံထားရ၍ ပြီးခဲ့သော ရာသီက တစ်ရာသီလုံးနီးပါး ပြိုင်ပွဲများနှင့် လွဲခဲ့ရသည်။ မိုက်ကယ်အိုဝင်အား နယူးကာဆယ် ပရိသတ်များက ထောက်ခံအားပေးမှုများ ရှိနေဆဲဖြစ်သည်။ **(အင်တာနက်)**

# အင်တာနက် အားကစားသတင်း အတိုအထွာ

✳ **ပို့စ်မောက်အသင်းနည်းပြက တိုက်စစ်မှူး ကနူးအားအသင်း၌ ဆက်လက်ခေါ်ယူထားလိုကြောင်း ပြောကြားလိုက်သည်။**

✳ အာရှဖလားဘောလုံးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားလျက်ရှိရာ အုပ်စု(ဂ)မှ အီရန်အသင်းသည် ဥဇဘက်ကစ္စတန်အသင်းကို ပွဲဦးထွက်အဖြစ် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

✳ **အာရှဖလားဘောလုံးပြိုင်ပွဲ အုပ်စု (ဃ)တွင် တောင်ကိုရီးယားနှင့် ဆော်ဒီအာရေဗျတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားအပြီး တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။** (အင်တာနက်)

# အော်ဇေးနောက်တန်းမှ ဆက်နားအား အာဆင်နယ်က ခေါ်ယူအားဖြည့်



**လန်ဒန် ဇူလိုင် ၁၃**

အာဆင်နယ်အသင်းက အော်ဇေးနောက်တန်း ကစားသမားဘာကရီဆက်နားအား ပြောင်းရွှေ့ကြေး ထုတ်ဖော်ကြေညာခြင်းမပြုဘဲ စာချုပ်လိုက်သည်။**(ဝဲပုံ)**

**ပြောကြား**

အသက် ၂၄နှစ်ရှိ အဆိုပါ နောက်တန်းကစားသမားသည် ပြီးခဲ့သော ရာသီက ပြင်သစ်ကလပ် အော်ဇေး၌ ကစားနေသူဖြစ်သည်။ ၎င်းအား အာဆင်နယ်က နှစ်ရှည်စာချုပ်လိုက်ခြင်းဖြစ်သည်။ ဆက်နားသည် ပြင်သစ်နိုင်ငံ၌ ဆီနီဂေါမိဘများက မွေးဖွားခဲ့သူဖြစ်သည်။ ဆက်နားသည် အော်ဇေးအသင်း၌ မကြာမီနှစ်များက ခြေစွမ်းပြလာသည့် ကစားသမားဖြစ်ကြောင်း အာဆင်နယ် နည်းပြ ဝင်းဂါးက အသင်းဝက်ဘ်ဆိုက်သို့ ပြောကြားလိုက်သည်။

**လျင်မြန်ဖျတ်လတ်**

အဆိုပါကစားသမားသည် ညာနောက်တန်းကစားသမား ဖြစ်သည်။ နောက်တန်းသာမက ကွင်းလယ်ပါ ကစားနိုင်သူဖြစ်သည်။ ဆက်နားသည် တောင့်တင်းခိုင်မာပြီး လျင်မြန်ဖျတ်လတ်သည့် ကစားသမားကောင်း ဖြစ်သည်ဟုဆိုသည်။ **(အင်တာနက်)**



# တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့ရ ဆရာတော်များပူဇော်

**မအူပင် ဇူလိုင် ၆**

မအူပင်ခရိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ မြို့ပေါ် ဘာသာရေးအသင်းအဖွဲ့များ၊ ပြည်သူများက တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ အရှင်မြတ် ခြောက်ပါးတို့အား ချီးကျူးပူဇော်ပွဲကို ဇူလိုင် ၁ ရက်က မအူပင်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

**ပူဇော်**

ပူဇော်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩဘာသာဘိဝံသ၊ အပူဇော်ခံအရှင်မြတ်များနှင့် ပင့်သံဃာများကြွရောက်တော်မူရာ ခရိုင်ဥက္ကဋ္ဌဦးဌေးဝင်း၊ မြို့နယ်ဥက္ကဋ္ဌဦးဘိုထွန်း၊ လူမှုရေးအသင်းအဖွဲ့များနှင့်အလှူရှင်များတက်ရောက်ပူဇော်ကြသည်။

**လှူဒါန်း**

အဆိုပါ အပူဇော်ခံအရှင်မြတ်များနှင့် ပင့်သံဃာများအား အလှူငွေကျပ် ၃၅ သိန်းနှင့် ဆွမ်းပဒေသာပင်စိုက်ထူအလှူငွေ ကျပ် ၄၆ သိန်း အပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၁၁၀ ကို ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အလှူရှင်များက လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု
# သက်ကြီးရွယ်အို အဘိုး၊အဘွားများ ပူဇော်ကန်တော့

**လားရှိုး ဇူလိုင် ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီသည် ဇွန် ၂၅ရက် နံနက် ၉နာရီခွဲက လားရှိုးမြို့ ဆင်းရွေလီဘိုးဘွားဗိမာန်၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီက ဘိုးဘွား ၂၅ဦးအား လှူဖွယ်ပစ္စည်းများနှင့် ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အမျိုးသမီးရေးရာ)**





**ကျောက်တံခါး** မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ကျပန်း စကားပြောပြိုင်ပွဲကို ဇွန်၂၆ရက်က ပဲနွယ်ကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြိုင်ပွဲ၌ ပထမဆုရကျောင်းသူ မရွှေယမင်းဦးအား မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းမိုးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

**ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး အတွင်းအပြင် သန့်ရှင်းသာယာ လှပရေးအတွက် ဇွန် ၁၅ရက်က ဒုတိယဦးစီးမှူး (ဈေး) ဦးသက်တင်နှင့် ကျန်းမာရေးမှူး(၂) ဦးရဲမင်းထွန်းတို့ ဦးဆောင်သော အဖွဲ့ဝန်ထမ်းများဖြင့် ခြင်ဆေးပက်ဖျန်းမှုကို ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော် ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



# စုပေါင်းသန့်ရှင်းရေး တာချီလိတ်၌ ဆောင်ရွက်

**တာချီလိတ် ဇူလိုင် ၂**

စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲကို ဇွန် ၁၆ ရက် နံနက် ၆ နာရီက တာချီလိတ်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပြည်သူ့ဆေးရုံဝင်းအတွင်း ပေါင်းမြက်များနှင့် အမှိုက်သရိုက်များ ရှင်းလင်းကြကာ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများကို တူးဖော်ကြသည်။

အဆိုပါလုပ်အားပေးပွဲသို့ ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်၊ ခရိုင်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာမောင်မောင်ယု၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်နှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်းသိရသည်။**(အပေါ်ပုံ)(၄၂၀)**

# မိုးညှင်းမြို့၌ ဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်းဆောင်ရွက်

**မိုးညှင်း ဇွန် ၂၀**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အေးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်သီတာသန်းစိုးဦးတို့ ဦးဆောင်သော ခရိုင်၊ မြို့နယ်အသင်းဝင်များ မေ ၁၆ ရက်က ပြည်သူ့ကျန်းမာရေးအတွက် အရှေ့စုရပ်ကွက်အတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ကြကြောင်းသိရသည်။ (၁၅၂)

# စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကျေးသီး၌ ကျင်းပ

**ကျေးသီး ဇူလိုင် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ပန်စယ်ကျေးရွာအုပ်စု ပန်စယ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဇွန် ၂၅ရက်က အဆိုပါကျေးရွာ အမက၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်အောင်၊ ကျောင်းအုပ်ဆရာကြီး ဦးဟတ်ခေးနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်ရွှေရွှေမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က စာအုပ်၊ စာစောင် ၅၀ ကို ပေးအပ်လှူဒါန်းရာ ပန်စယ်အမက ကျောင်းအုပ်ဆရာကြီး ဦးဟတ်ခေးက လက်ခံယူသည်။

ထို့နောက် စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေးအတွက် အမက မူပြဆရာမ ဒေါ်နီလာအောင်အား စာကြည့်တိုက်တာဝန်ခံအဖြစ် ခန့်အပ်တာဝန်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

# မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု
# ရေတ်ကောင်းစိုက်ပျိုးပွဲ လပွတ္တာ၌ ကျင်းပ

**လပွတ္တာ ဇူလိုင် ၇**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ကြီးကြပ်မှုဖြင့် ရေတ်ကောင်းပျိုးပင် ပေးအပ်ပွဲနှင့် စုပေါင်းစိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က ညောင်လိန်ကျေးရွာအုပ်စု၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမောင်မောင်ရင်က ကျေးရွာအလိုက် ရေတ်ကောင်းပျိုးပင်များ ပေးအပ်ရာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအပါအဝင် အခြားလူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ရေတ်ကောင်းပျိုးပင်နှင့် ပျိုးကိုင်း၁၂၁၈၉ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**



# ချို့တဲ့ကျောင်းသားများအတွက် ထောက်ပံ့ငွေပေးအပ်

**နွားထိုးကြီး ဇူလိုင် ၁**

နွားထိုးကြီးမြို့နယ် ကျောင်းပေါင်း ၃၁ ကျောင်းမှ ချို့တဲ့ကျောင်းသားများအတွက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် ထောက်ပံ့သော ပညာရေးအလှူငွေကျပ် ၆၇၀၀၀၀ ကျော် ပေးအပ်ပွဲကို ဇွန်၃၀ရက်က စုပေါင်းရုံးတွင် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြို့နယ် ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ မြို့နယ်အတွင်းရေးမှူး ဦးရဲမြင့်အောင်၊ ဒုတိယရဲမှူး သန်းဝင်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းထွန်းလင်း၊ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်နှင့် ကျောင်းအုပ်ဆရာကြီးများ တက်ရောက်ကြသည်။

ထို့နောက် ၂၀၀၇–၂၀၀၈ ပညာသင်နှစ်တွင်ပညာသင်ကြားရေးအတွက် ချို့တဲ့သော ကျောင်းသားများအား ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ အထိ အတန်း၊ အဆင့်လိုက် လှူဒါန်းကြသည်။ (၂၂၇)



**ဓနုဖြူ မြို့နယ် စည်ပင် သာယာရေး အဖွဲ့ မြို့ စိမ်းလန်းစိုပြည်ရေးနှင့်သန့်ရှင်း လှ ပ ရေး အ တွက် ဓနုဖြူမြို့ (၂) ရပ်ကွက် လမ်းဘေးရှိ ရေကာတာနှင့် လမ်းဘေး ဝဲယာ တစ်လျှောက်တွင် အဖွဲ့ဝန် ထမ်း များ နှင့် အတူ အငယ်တန်း အင် ဂျင် နီ ယာ (၃) ဦးဝင်းရာဇာထွန်း ဦးဆောင်၍ မြေခင်းအလှ ပြုပြင်ခြင်းလုပ်ငန်းကို ဇွန် ၃၀ ရက်က ဦးစီးအရာရှိ ဦးအောင်ကျော်မိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နွဲ့နွဲ့ရီတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (၀၈၅)

### ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မိုးနှမ်းပန်းတိုင် အထူးဇုန် ၅၄၃ ဧက စိုက်ခင်း၌ သီးပွင့်ဖြစ်ထွန်းနေသော ပြာကြီးမျိုး မိုးနှမ်းပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# စားသုံးဆီဖူလုံရေး ဆီထွက်သီးနှံကဏ္ဍ ငါးသိန်းခွဲပြည့်မီအောင် စိုက်ပျိုး နေကြာ၊ နှမ်းနှင့် မြေပဲ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးကူညီပံ့ပိုး ကျေးလက်ဒေသဖွံ့ဖြိုးရေး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်





နေပြည်တော် ဇူလိုင် ၁၃

**ပဲခူးတိုင်း ပြည်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်၊ အင်းမတပ်နယ်မှ ဗိုလ်မှူးကြီးမောင်မောင်အေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင်၁၂ရက် နံနက်ပိုင်းတွင် ပြည်လေဆိပ်ရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများ၏ ဧက ၁၀၀ ခြံစည်းရိုးကြက်ဆူပင် စံပြ စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧက ၁၀၀ ခြံစည်းရိုးကြက်ဆူပင် စံပြစိုက်ခင်းရှိ ပဲခူးတိုင်း (အနောက်ပိုင်း) ရဲတပ်ဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင် ရှစ်ဧကစိုက်ခင်းတွင် တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းဖြင့်

*စာမျက်နှာ ၄ ကော်လံ ၁* ✡

### မိုးရွာသွန်းလေသမျှ ၁၃-၇-၂၀၀၇

| | |
|---|---|
| လောင်းလုံ | ၅ ဒသမ ၉၁ လက်မ |
| ရေး | ၄ ဒသမ ၄၈ လက်မ |
| ထားဝယ် | ၃ ဒသမ ၉၈ လက်မ |
| ကော့သောင်း | ၂ ဒသမ ၇၆ လက်မ |
| ဗိ | ၂ ဒသမ ၄၄ လက်မ |
| သံတွဲ | ၂ ဒသမ ၂၈ လက်မ |

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ရှစ်ရက်အတွင်း ကျောက်စိမ်းအတွဲ ၄၀၉၀ ရောင်းချရ

**ရန်ကုန် ဇူလိုင် ၁၃**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ လိုက်ပါလျက် ယနေ့ညနေပိုင်းတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပလျက်ရှိသည့် ၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**ဈေးပြိုင်စနစ်**

ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ ညနေ ၄ နာရီမှ ည ၈ နာရီအထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၂၃ တွဲကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူခဲ့ကြသည်။ ယမန်နေ့ တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၅၄ တွဲကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခဲ့ကြသည်။

*စာမျက်နှာ ၇ ကော်လံ ၄* ●



**အမျိုးသားညီလာခံသို့ တက်ရောက်ရန် တနင်္သာရီတိုင်းမှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။**

(သတင်းစဉ်)

# အမျိုးသားညီလာခံတက်ရောက်ရန် တနင်္သာရီတိုင်းမှ ကိုယ်စားလှယ်များရောက်ရှိ

**ရန်ကုန် ဇူလိုင် ၁၃**

အမျိုးသားညီလာခံသို့ တက်ရောက်ရန် တနင်္သာရီတိုင်းမှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

**ပို့ဆောင်ပေး**

အဆိုပါ အမျိုးသားညီလာခံကိုယ်စားလှယ်အဖွဲ့အား အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြပြီး အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။ **(သတင်းစဉ်)**

### မိုးလေဝသအခြေအနေ (၁၄-၇-၂၀၀၇)

**နေပြည်တော်** — နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

**ရန်ကုန်** — ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။

**မန္တလေး** — မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာ ကွက်ကျား မိုးရွာနိုင်သည်။